ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့ (31-12-2010) (၆၆၃၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ထာဝရအစွန့်ရှည် တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ဖော်ဆောင်

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ အန္တရာယ်ကို အစဉ်အမြဲသတိစွဲလျက် မှန်ကန်သည့် အမျိုးသားရေးမူဝါဒ၊ ထက်သန်သည့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် အမိမြန်မာနိုင်ငံတော်ကြီး ထာဝရအစွန့်ရှည် တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဖော်ဆောင်ကြရပေမည်။ ယခုအခါ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ စားဝတ်နေမှု ပြည့်စုံလုံခြုံရေးတို့အတွက် စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ ထိုသို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ်ခံယူပြီး အားသွန်ခွန်စိုက် တည်ဆောက်နေခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးနေခြင်းဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ တလယ် မိုဟာမက် ဆာဘရီ အဗ္ဗဒူ ဆလမ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ တလယ် မိုဟာမက် ဆာဘရီ အဗ္ဗဒူ ဆလမ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့✽

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့✽

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

၃၁-၁၂-၂၀၁၀
(သောကြာနေ့)

ရန်ကုန်-မန္တလေး ပြည်ထောင်စု အမြန်လမ်းမကြီး

ပြည်ထောင်စု၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးသည် အခြေခံကျသည့်ကဏ္ဍက ပါဝင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်နှင့်အမျှ နယ်မြေဒေသတစ်ခုမှတစ်ခုသို့ လွယ်ကူစွာ သွားလာနိုင်ကြမည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးများ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကျိုးပြုနိုင်မည်ဖြစ်သည်။

အဆိုပါရလဒ်ကောင်းများကို မျှော်ရည်၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းမကြီးများ၊ ရထားလမ်းများနှင့်အတူ မြစ်ကူးချောင်းကူးတံတားများစွာကို ကွန်ရက်သဖွယ် ချိတ်ဆက်ဖောက်လုပ် တည်ဆောက်ပေးခဲ့ပြီ။ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ထိတွေ့ရင်းနှီး ချစ်ကြည်စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာမည် ဖြစ်သည်။

ယခုအခါ မြောက်ဘက်ဖျား ကချင်ပြည်နယ်မှသည် တောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီးအထိ ခရီးလမ်းပေါက်နေပြီ။ အနောက်ဘက်ရှိ ရခိုင်ပြည်နယ်မှ အရှေ့ဘက်ရှိ ရှမ်းပြည်နယ်အထိ တောင်ကိုကျော် လျှိုကိုဖြတ်၍ ခရီးပေါက်သွားရောက်နိုင်ကြပြီ။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသများနှင့် ချင်းတောင်တန်းဒေသတို့မှ ပြည်သူများ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့အထိ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။

ထို့အတူ နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ ဖောက်လုပ်ပြီးစီးခဲ့သည့် ရန်ကုန်-နေပြည်တော်လမ်းပိုင်း မိုင်နှစ်ရာကျော်ကို ၂၀၀၉ ခုနှစ် မတ်လအတွင်း ဖွင့်လှစ်နိုင်ခဲ့သည်။ နေပြည်တော်နှင့် ရန်ကုန်အကြား လေးနာရီခန့်ဖြင့် ခရီးသွားလာနေကြပြီ။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ဒီဇင်ဘာ ၂၉ ရက်က ဖွင့်လှစ်လိုက်သည်။ နေပြည်တော်နှင့် မန္တလေး ခရီးမိုင် ၁၅၀ ကျော်ကို သုံးနာရီခန့်ဖြင့် သွားလာနိုင်မည်ဖြစ်သည်။ ပဲခူးရိုးမအရှေ့နှင့်အနောက်မှ ဖြတ်လမ်းများအပါအဝင် ရန်ကုန်-မန္တလေး တစ်လျှောက်ရှိ မြို့များနှင့် ဆက်သွယ်ရေးလမ်းပေါင်း ၂၆ လမ်းမှတစ်ဆင့် အမြန်လမ်းမကြီးပေါ်သို့ ဝင်ရောက်ဆက်စပ်သွားလာနိုင်ရန် စီစဉ်ထားသည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စု အမြန်လမ်းမကြီးကို ငါးနှစ်ကျော် ကာလအတွင်း မြန်မာအင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ဖောက်လုပ်နိုင်ခဲ့ပြီ။ ရန်ကုန်နှင့် မန္တလေးခရီးကို ခုနစ်နာရီခန့်ဖြင့် အရောက် သွားလာနိုင်ကြပြီ။ နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီးတစ်ခု ပေါ်ပေါက်လာသည့်အတွက် ကုန်သွယ်စီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စည်ပင်လာမှုနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားရေး အကျိုးပြုနေပြီ ဖြစ်ပါသည်။ ။

အထက(၁) စမ်းချောင်း ကျောင်းသားဟောင်းများ (၁၇)ကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၃၀

အထက(၁) စမ်းချောင်း၌ ၁၉၆၅ ခုနှစ်မှ ၁၉၈၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၅-၁၉၈၀ ခုနှစ် ကျောင်းသားဟောင်းများအားလုံး တက်ရောက်ပူဇော်ကြပါရန်နှင့် ၁၉၆၅ ခုနှစ်မတိုင်မီနှင့် ၁၉၈၀ ခုနှစ်လွန် ကျောင်းသားဟောင်းများလည်း မိမိတို့မီခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား လာရောက်ပူဇော်နိုင်ကြသည်။ အလှူငွေနှင့် ကန်တော့ပစ္စည်း လှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးလှအောင်ရွှေ ဖုန်း-၀၉-၅၀၀၂၇၇၁၊ ဦးမောင်မောင်ဌေး ဖုန်း-၅၂၆၃၆၂၊ ၅၀၀၄၄၂၊ ဦးစိုးနိုင် ဖုန်း-၅၆၄၈၀၂၊ ၀၉-၈၀၂၂၀၇၅၊ ဦးမင်းအောင် ဖုန်း-၀၉-၅၁၂၅၄၆၂၊ ဦးခင်မောင်ကျော်ဒင် ဖုန်း-၀၆၇-၃၆၁၂၄နှင့် ဒေါ်မြင့်မြင့်စိန် (စည်ပင်) ဖုန်း-၀၉-၅၁-၁၈၅၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူချစ်သော စာဆိုများ

- စာရယ်ပေရယ်၊ စိတ်မြစ်တွယ်၍ ဖွယ်ဖွယ်ရာသော၊ စာသဘောကို စစ်ကြောမိကာ၊ ရေးမိပါရင်း ကဗျာတစ်ညို၊ စာတစ်တိုနှင့် စာကိုဆိုမိတတ်ခဲ့သည်။
- ရေးဖွဲ့ခဲ့ရာ၊ စာကဗျာလျှင် ပညာသုတ၊ သဘာဝနှင့် ရသစုံထွေ၊ မကျန်လေအောင် မျှဝေခံစားပေးခဲ့သည်။
- သို့အခြေခံ၊ မြစ်ဖျားခံလျက် စာဟန်တင့်တယ်၊ စာဝင့်ထည်အောင် ရည်ရွယ်ချက်ကောင်း၊ စိတ်ညွတ်ပျောင်းဖြင့် တစ်ချောင်းကလောင်၊ ကိုယ်ပိုင်ဆောင်ရင်း အောင်မြင်ဆုရ၊ မြင်ကြားရသော် အားကျဂုဏ်ယူမိခဲ့သည်။
- ပြည်သူ့တွက်တာ၊ ရေးခဲ့စာသည် ပညာလည်းရ၊ ဂုဏ်ရသကြောင့် နာမယဉ်နှ၊ "စာပေဆု" ဟု အနုပညာ၊ လောကရွာ၌ များစွာဂုဏ်တက်ခဲ့လေပြီ။
- သြော်. . . .
စာမွန်စာသန့်၊ စာယဉ်ခန့်တို့ ပျံ့နှံ့စေဖွာ၊ စေတနာဖြင့် လေ့လာသမျှ၊ ဖွင့်သွန်ချသို့ လောကကိုလျှင်၊ အလှဆင်သည့် ဉယျာဉ်မှူးများ၊ ပမာထားလျက် လေးစားဂုဏ်ယူ၊ ညွှန်ဖွဲ့ကြူသည် ပြည်သူချစ်သော စာဆိုများ။ စာပေဂုဏ်တင့် မြှင့်သူများ။ ။

စိုးမြင့်သန်းမောင်
(စာပေဗိမာန်)

Intel CPU အသစ်ဖြင့် ထွက်ရှိလာသော Notebook များကို ရောင်းချပေးမည့် KMD New Year Sales Road Show ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

KMD Sales & Service ၏ New Year Sales Road Show ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ KMD Sales & Service Centre တိုင်း၌ ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ယခင် အထူးဈေးရောင်းပွဲများနည်းတူ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပုံမှန်ဈေးနှုန်းထက် သက်သာသော အထူးဈေးနှုန်းများဖြင့် ၅၀ ရာခိုင်နှုန်းအထိလျှော့ချကာ ရောင်းချပေးသွားမည် ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး CPU ထုတ်လုပ်သူ Intel သည် ၂၀၁၁ နှစ်ဦးပိုင်း၌ CPU အသစ်များကို ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ပြီး ၂၀၁၁ ဇန်နဝါရီ ၉ ရက်တွင် အသစ်ထွက်ရှိသော CPU အသစ် (Code Name: Sandy Bridge) ကို တစ်ကမ္ဘာလုံး၌ စတင်ရောင်းချပေးသွားမည်ဖြစ်သည်။ KMD Sales & Service Centre အနေဖြင့် ယခုနှစ် New Year Sales Road Show ၌လည်း ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် Intel မှ စတင်ရောင်းချပေးမည့် နည်းပညာအသစ်များဖြင့် ထုတ်လုပ်ထားသော CPU အသစ်ပါဝင်သော Lenovo Notebook များကိုလည်း နမူနာပြသပေးသွားမည်ဖြစ်သည်။ ထို Intel CPU အသစ်ဖြင့် Lenovo Notebook များကို ဝယ်ယူလိုပါကလည်း ဇန်နဝါရီ ၉ ရက်တွင် ကမ္ဘာနှင့်တစ်ပြေးညီ KMD Sales & Service Centre က ရောင်းချပေးသွားမည်ဖြစ်ရာ Road Show ကျင်းပသောနေ့တွင် ငွေကျပ် ငါးသိန်းဝန်းကျင်ဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး ဝယ်ယူနိုင်မည်ဖြစ်သည်။ ထို့အပြင် nVidia Optimus နည်းပညာအသစ် ပါဝင်သော Notebook များကိုလည်း ပြသရောင်းချပေးသွားမည်ဖြစ်သည်။အခြားအထူးအစီအစဉ်များအနေဖြင့် Acer 4738z Notebook (P6200 CPU, 1GB RAM, 320GB HDD)ကို ငွေကျပ် ၃၉၀၀၀၀ ဖြင့် ရောင်းချပေးခြင်း၊ Desktop သို့မဟုတ် ငွေကျပ်တစ်သိန်းဖိုးနှင့်အထက် ဝယ်ယူသော Customer များအား ဗလာမပါကံစမ်းမဲနှိုက်ပေးခြင်း၊ Notebook နှင့် Netbook ဝယ်ယူသော Customer များအတွက် ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၁၅၀၀၀ တန်ဖိုးအထိ ပါဝင်သော Gift Voucher ကို ဗလာမပါကံစမ်းမဲနှိုက်ပေးခြင်း၊ ကွန်ပျူတာဝယ်ယူသူတိုင်းအားလည်း ငွေကျပ် ၉၀၀၀ တန် 1 GB Pen Drive ကို ငွေကျပ် ၄၅၀၀ တည်းဖြင့် ရောင်းချပေးခြင်း၊ ၅၀ရာခိုင်နှုန်း ဈေးလျှော့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို Special Offer အစီအစဉ်အနေဖြင့် နံနက် ၁၀ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီတွင် တစ်ကြိမ် ရောင်းချပေးခြင်းတို့ကို ပြုလုပ်ပေးသွားမည်ဖြစ်သည်။ KMD Education Centre အနေဖြင့် ထိုနေ့များတွင် သင်တန်းများကို ၃၀ ရာခိုင်နှုန်းလျှော့၍ လက်ခံပေးသွားမည်ဖြစ်ပြီး International Diploma သင်တန်း (IDCS) အတွက်လည်း သင်တန်းကြေးသုံးသောင်း လျှော့၍ လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်စုံစမ်းသိရှိလိုပါက KMD Sales & Service Centre (ရန်ကုန်-ပန်းဆိုးတန်းဆိုင်ခွဲ) ဖုန်း-၃၈၅၁၇၇နှင့် ၂၄၅၁၈၀၊ (ရန်ကုန်-ဘားလမ်းဆိုင်ခွဲ) ဖုန်း-၀၉-၈၃၀၃၇၇၈)၊ (ရန်ကုန်-မြေနီကုန်းဆိုင်ခွဲ) ဖုန်း-၅၀၃၅၂၂နှင့် ၅၀၃၅၁၁၊ (မန္တလေးဆိုင်ခွဲ) ဖုန်း-၀၂-၆၀၃၆၀ နှင့် ၆၀၂၃၉ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သန်လျင်မြို့ ဖို့မြေ အမက မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၉ ရက်ကကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မထက်အိအိကျော်အား ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်ကြည်ကြည်ဌေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု ရန်ကုန်တောင်ပိုင်းခရိုင် ဥက္ကဋ္ဌ စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃၀

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်ဈေးများသို့ မီးဘေးအန္တရာယ် မကျရောက်စေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရာတွင် ထားရှိရမည့် ပစ္စည်းများဖြစ်သည့် အရန်မီးသတ်ရေကန်များတွင် ရေပြည့်စုံစွာရှိ၊ မရှိ၊ အမြင့်တင်ရေစင်မှ အလိုအလျောက် စီးဆင်းသည့် မီးသတ်ရေငုတ်များ၊ မီးသတ်ဆေးဘူးများနှင့် သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများအား ညွှန်ကြားချက်နှင့်အညီ စနစ်တကျဆောင်ရွက်ခြင်းရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေး၍ ဒီဇင်ဘာ ၂၀ ရက်တွင် မြို့မဈေးကြီး၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်း၊ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဝင်းဝင်းဦးဆောင်သည့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဇာတ်တိုက်လေ့ကျင့်လျက်ရှိရာသို့ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းသော်ဝင်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၁၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၅	၈။	"နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀	၄။	နှောင်းခေတ်တေးပဒေသာ
၄း၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ပြည်သူ့ရေးရာအထူးပြု) (ပြည်သူ့ရေးရာ)
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၁၅	၈။	(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀	၉။	"ရိုးသားဖြူစင် ကလေးတို့အသွင်"
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	"ရန်ကုန်-မန္တလေးအလှမ်းမဝေး- နေပြည်တော်-မန္တလေးနီးနီးလေး (အပိုင်း-၁)
၆း၃၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရင်ခုန်သံ" (အပိုင်း-၂၃)**
၇း၂၅	၁၄။	"သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည်မြန်မာပြည်" (နှစ်ဆယ့်လေးဒေသတစ်ခွင် အလှဆင်ရောင်စုံပွင့်လန်း အလှပန်း) (အပိုင်း-၁)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၁၉။	"လျှပ်တစ်ပြက်ဟာသများ"
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၁၅)**
	၂၁။	သီချင်းချစ်သူ(ဖြိုးကြီး)
	၂၂။	အစီအစဉ်ပြီး၏။

※ နိုင်ငံတော်အကြီးအကဲမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ တလယ် မိုဟာမက် ဆာဘရီ အဗ္ဗဒူဆလမ်အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၁၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၅၀ ၅။ ပညာပေးဇာတ်လမ်းတို
- ၄း၅၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၀၀ ၇။ လျှပ်တစ်ပြက်
- ၅း၀၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၁၅ ၉။ အိုင်စီတီသုတ
- ၅း၂၀ ၁၀။ အားလုံးရဲ့တာဝန်
- ၅း၂၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ တန်ကာနီကာမှချင်ပန်ဇီ အပိုင်း(၃)
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၆။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၄၁)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ စိုက်ပျိုးသုတ
- ၂၃။ သံစဉ်များနှင့်ကမ္ဘာ
- ၂၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် အပိုင်း(၄၁)**
- ၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၂၈။ သင့်အတွက်မနက်ဖြန်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

အခြေခံကျန်းမာရေးတက္ကသိုလ် ပထမအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၃၀

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) 1st to 7th Batch ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် တက္ကသိုလ် မြဧရာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးအောင်ဇော်ထက် ဖုန်း-၀၉-၈၆၄၆၁၀၈၊ ဦးစိုးလင်းထွန်း ဖုန်း-၀၁-၆၂၉၀၈၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း-၀၉-၈၅၆ ၀၀၈၃၊ ၀၉-၈၆၃၅၄၅၈၊ ၀၄၆-၆၀၁ ၂၅၊၀၉-၅၃၄၁၂၈၀၊ ၀၉-၅၁၉၅၁၉၆၊ ၀၉-၅၄၁၂၁၈၅ တို့သို့ မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

✻ရွှေဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

မုံရွာဒေသကောလိပ် အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၃၀

မုံရွာဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့)တွင် မုံရွာမြို့ မြစန္ဒာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဦးသိုင်းဝင်း ဖုန်း-၀၉-၅၁၅၁၄၀၅၊ ဦးမိုးကျော် ဖုန်း-၀၉-၂၀၂၉၆၃၃၊ ၀၁-၅၂၄၉၆၈၊ ဦးဖိုးလူ ဖုန်း-၀၉-၅၀၃၃၉၉၉၊ ၀၁-၅၇၃၁၈၇၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၁၅၃၇၂၆၊ မန္တလေးမြို့တွင် ဦးအောင်လွင် ဖုန်း-၀၉-၆၅၀ ၄၈၃၁၊ ဦးကျော်မျိုးထင် ဖုန်း-၀၂-၉၁၀ ၀၂၃၁၂၊ ဒုတိယရဲမှူး အောင်ဝင်း ဖုန်း-၀၉-၄၉၂၁၁၈၇၇၊ ၀၉-၂၀၁၄၇၁၃၊ မုံရွာမြို့တွင် ဦးမောင်မြင့် ဖုန်း-၀၇၁-၂၉၂၀၈၊ ၀၉-၆၄၅၀၁၄၆နှင့် ဦးခင်မောင်မြင့် ဖုန်း-၀၇၁-၂၁၉၅၀၊၀၉-၆၈၀၇၈၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၂-၂၀၁၀ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အာရုံခြောက်ပါး"တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၂၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၈၈)**
- ၈း၄၀ Fashion Music Festival (Part-18)
- ၉း၁၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့) (အပိုင်း-၂)
- ၉း၂၀ နှစ်စဉ်မပျက်နွဲလို့ပျော် စာပန်းအိမ်၏ ဘုံကထိန်ပွဲတော်
- ၉း၃၀ Movie Talk (ကမ္ဘာ့ရုပ်ရှင်နေ့) (အပိုင်း-၂)
- ၁၀း၀၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ Myanmar Book Centre ၏ C.E.O ဒေါက်တာသန့်သော်ကောင်းနှင့်တွေ့ဆုံခြင်း(အပိုင်း-၂)
- ၁၀း၁၅ မြင့်မြတ်သူစေတနာသွေးလှူရှင် အသင်း၏သွေးလှူရှင်များဂုဏ်ပြုပွဲ
- ၁၀း၂၅ ဖက်ရှင်လမ်းညွှန် (၂၀၁၀-၂၀၁၁ မင်္ဂလာဝတ်စုံ ဒီဇိုင်းများ)
- ၁၀း၅၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဖြိုးငွေစိုးနှင့် တွေ့ဆုံခြင်း)
- ၁၁း၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၂၀ Activities In The City (General ၏ သုံးနှစ်မြောက် နှစ်ပတ်လည်နှင့်ညစာစားပွဲ)
- ၁၂း၄၀ ရည်စူးကာကုသိုလ်ယူ ဘိုးဘွားများအတွက်အလှူ
- ၁း၀၀ "အာရုံခြောက်ပါး"တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၂၁)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၈)**
- ၄း၄၅ မန္တလေးတက္ကသိုလ်ပထဝီဝင် မိသားစု၏တတိယအကြိမ် အာစရိယပူဇော်ပွဲ
- ၅း၀၅ The Champion of Dance
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့) (အပိုင်း-၂)
- ၆း၃၀ Activities In The City (ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး အထိမ်းအမှတ်အခမ်းအနား)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၂၂)**
- ၇း၂၅ Fashion Music Festival (Part-19)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Wedding Season (Part-10)
- ၈း၅၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၉)**
- ၁၀း၁၅ VJ Choice
- ၁၀း၄၀ မြင်ကွင်းထဲမှ ရိုက်ချက်များ
- ၁၀း၅၀ တော်ဝင်အလှတို့ ဖန်တီးဖြစ်တည်ရာ. . .
- ၁၁း၀၀ မူဟန်ကိုယ်စီတေးကိုသီ
- ၁၁း၁၅ World of Knowledge (Mega Structures; ICE HOTEL)
- ၁၂း၀၀ တေးဂီတအစီအစဉ်
- ၁၂း၂၅ Movie Mistakes (King Kong)
- ၁၂း၄၅ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
- ၁း၁၀ Shooting Location (မစန္ဒာအိမ်)
- ၁း၂၅ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၁း၃၅ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
- ၂း၁၀ Rainforest Homeland (Part-2)
- ၂း၃၅ စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
- ၄း၂၅ မမေ့နိုင်ပါပြီ. . . ကမ္ဘောဇအလှဌာနီ
- ၄း၄၅ အံ့ဖွယ်တစ်မူ "ဆဒ္ဒန်ဂူ"
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မူးယစ်မှောင်ခိုဂိုဏ်းများရန်မှ ရှောင်ရှားနိုင်ရန် ကျည်ဒဏ်ခံယာဉ်များ မက္ကဆီကို၌ အရောင်းသွက်

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၃၀

မက္ကဆီကိုနိုင်ငံအတွင်း မူးယစ်ဂိုဏ်းများ၏ စစ်ပွဲများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသည်နှင့်အမျှ သံချပ်ကာကားများနှင့် ကျည်ကာဝတ်စုံများ အရောင်းသွက်လာကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများတွင် ဖော်ပြသည်။

မက္ကဆီကိုအစိုးရနှင့် မူးယစ်ဂိုဏ်းများအကြား လေးနှစ်ကြာတိုက်ပွဲကာလ၏ အဆိုးဆုံးနှစ်ဖြစ်သော ယခုနှစ်အတွင်း သံချပ်ကာယာဉ်များရောင်းအားသည် ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး စီးရေ ၁၉၀၀ ရောင်းချနိုင်ခဲ့ကြောင်း သတင်းများ၏အဆိုအရ သိရသည်။

မက္ကဆီကိုစီးတီးမြို့တော်ရှိ မော်တော်ယာဉ်ပြုပြင်ရေးအလုပ်ရုံများ၌ ယခုလအတွင်း ဇိမ်ခံကားများမှစ၍ သာမန်လူတန်းစားများသုံးစွဲသော ဆီဒင်ကားများအထိ ကားအမျိုးမျိုးတို့ကို ကျည်ကာမှန်များတပ်ဆင်ပေးခြင်း၊ တိုက်ခိုက်မှုဒဏ်ခံနိုင်ရေးအတွက် ဒဏ်ခံသံမဏိပြားများတပ်ဆင်ပေးခြင်းတို့ဖြင့် လက်မလည်နိုင်အောင်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က သံချပ်ကာကားများသည် မက္ကဆီကိုအစိုးရအရာရှိများ၊ နိုင်ငံခြားသား အခွင့်ထူးခံများနှင့် လူချမ်းသာများက သုံးစွဲသော အသုံးအဆောင်တစ်ရပ်ဖြစ်ခဲ့သော်လည်း မူးယစ်ဂိုဏ်းများ၏ခြိမ်းခြောက်မှုကို ကြုံတွေ့နေရသော သာမန်လူတန်းစားများသည်လည်း ကျည်ဒဏ်ခံမော်တော်ယာဉ်များကို သုံးစွဲလာကြကြောင်း သိရသည်။

မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဂိုဏ်းများအကြား တိုက်ပွဲများကြောင့် ၂၀၀၆ ခုနှစ်မှစ၍ ယနေ့အထိ လူပေါင်း ၃၃၀၀၀ ကျော်သေဆုံးခဲ့ရပြီး နိုင်ငံမြောက်ပိုင်း မွန်ထရေးနှင့် စီယူဒက်ဂျူအာရက်ဇ်မြို့များတွင် အရပ်သားသေဆုံးမှုနှုန်း မြင့်တက်ခဲ့ရသည်။ **အမ်အင်အေ၊ရိုက်တာ။**

ကျည်ဒဏ်ခံ မော်တော်ယာဉ်များ တပ်ဆင်တည်ဆောက်နေသော မက္ကဆီကို ယာဉ်ပြုပြင်ရေးအလုပ်ရုံတစ်ရုံ။

အာဖဂန်၌ ပြင်သစ်သတင်းထောက်နှစ်ဦး တစ်နှစ်ကြာမျှ ပြန်ပေးဆွဲခံထားရ

ပါရီ ဒီဇင်ဘာ ၃၀

ပြင်သစ်ရုပ်မြင်သံကြားသတင်းထောက်နှစ်ဦးသည် လွန်ခဲ့သည့် တစ်နှစ်မှစ၍ အာဖဂန်နစ္စတန်နိုင်ငံ၌ ပြန်ပေးဆွဲခံထားရပြီး ၎င်းတို့ ပြန်ပေးဆွဲခံရသည့် နှစ်ပတ်လည်နေ့ဖြစ်သော ဒီဇင်ဘာ ၂၉ ရက်တွင် ၎င်းတို့ ပြန်လည်လွတ်မြောက်ရေးအတွက် ပြင်သစ်အစိုးရနှင့် သတင်းမီဒီယာအဖွဲ့အစည်းများက တောင်းဆိုလိုက်ကြသည်။

ပြန်ပေးဆွဲခံထားရသော ပြင်သစ်သတင်းထောက်နှစ်ဦးမှာ အမှတ်(၃) ပြင်သစ်ရုပ်မြင်သံကြားဌာနမှဖြစ်ပြီး လွန်ခဲ့သည့် တစ်နှစ်က မြို့တော်ကဘူး မြောက်ဘက်ရှိ နေရာတစ်နေရာ၌ မှတ်တမ်းကား ရိုက်ကူးနေချိန်အတွင်း သေနတ်သမားများ၏ ပြန်ပေးဆွဲခြင်းကို ခံခဲ့ကြရသည်။

ပြန်ပေးဆွဲခံထားရသော ဟာ့ဗ်ဂက်ကီယာနှင့် စတီမင်တာပိုနီယာတို့နှင့် အဆက်အသွယ်ရရှိနိုင်ရန် မိမိတို့ ကြိုးပမ်းလျက်ရှိကြောင်း ပြင်သစ်အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။ သို့ရာတွင် နှစ်ဖက်စေ့စပ်ဆွေးနွေးမှု အသေးစိတ်ကိုလည်းကောင်း၊ ပြန်ပေးရွေးငွေ မည်မျှတောင်းခံသည်ကိုလည်းကောင်း မသိရပေ။

ပြင်သစ်သတင်းထောက်များ လွတ်မြောက်ရေးအတွက် အစိုးရ၏ကိုင်တွယ်ဆောင်ရွက်ပုံနှင့်ပတ်သက်၍ ၎င်းတို့၏ ဆွေမျိုးသားချင်းများက ဝေဖန်ပြောဆိုခဲ့ကြသည်။

ပြန်ပေးဆွဲသူများက အဖမ်းခံထားရသော ၎င်းတို့၏ ရဲဘော်ရဲဘက်များကို ပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်ဟု သတင်းတွင်ဖော်ပြသည်။ ပြန်ပေးသမားများသည် တာလီဘန် စစ်သွေးကြွများ သို့မဟုတ် တိုင်းရင်းသားမျိုးနွယ် တိုက်ခိုက်ရေးသမားများ ဖြစ်နိုင်ဖွယ်ရှိသည်။ **အင်တာနက်။**

ဘဲလ်ဖတ်မြို့၌ မြို့သားတစ်ဦး ရေရရှိရန် ကြိုးပမ်းနေသည်ကို တွေ့ရစဉ်။

မြောက်အိုင်ယာလန်၌ ရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

ဘဲလ်ဖတ် ဒီဇင်ဘာ ၃၀

မြောက်အိုင်ယာလန်တွင်ဖြစ်ပေါ်နေသည့် ရေပြဿနာတွင် အဓိကတာဝန်ရှိသော ကုမ္ပဏီက ၎င်းပြဿနာသည် နောက်သီတင်းတစ်ပတ်အထိ ကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်းကာလလွန်မှသာ ပြန်လည်ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။

ထောင်သောင်းမျှရှိသည့် ပြည်သူများ ရေပြတ်လပ်နေသည်မှာ ကိုးရက်တိုင်တိုင် ရှိခဲ့ပြီဖြစ်သည်။

အင်ဂျင်နီယာများသည် မကြာသေးမီက ပေါက်ကွဲသွားသည့် ရေပိုက်ကို ကြိုးစားပြင်ဆင်လျက်ရှိသည်။ ၎င်းရေပြဿနာကို ဖြေရှင်းရေးအတွက် အစိုးရကလည်း ကြာသပတေးနေ့နှောင်းပိုင်းတွင် အရေးပေါ်အစည်းအဝေးကျင်းပရန် စီစဉ်ထားသည်။

မြောက်အိုင်ယာလန် ရေထောက်ပံ့ရေးကုမ္ပဏီသည် ၎င်း၏ ရေထောက်ပံ့မှုစွမ်းအားကို အမြင့်ဆုံးသို့ရောက်သည်အထိ တိုးမြှင့်ထားသော်လည်း အဆောက်အအုံ ၃၂၀၀၀ သည် ရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရဆဲရှိသေးသည်ဟု ဆိုသည်။

မြို့တော်ဘဲလ်ဖတ်တွင် အခြေအနေ တိုးတက်လာခဲ့သော်လည်း ကျေးလက်ဒေသများအတွက်မူ အချိန်ကြာဦးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ရေလုံလောက်မှုမရှိဖြစ်နေသည့် အခြေအနေအား ချက်ချင်း အရေးယူကိုင်တွယ်ဖြေရှင်းပုံနှင့်ပတ်သက်၍ ယင်းကုမ္ပဏီကို ဝေဖန်သူတို့က အပြစ်တင်ကြသည်။ ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က ၎င်းပြဿနာနှင့်ပတ်သက်၍ ၎င်း၌ လုံးဝတာဝန်ရှိကြောင်း လက်ခံသော်လည်း ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုကြခြင်းကိုမူ ငြင်းဆန်ခဲ့သည်။

အရေးပေါ် ရေပေးဝေရေးဌာနတွင် ရေယူရန်တန်းစီကြသော လူတန်းကြီးမှာ ကြာသပတေးနေ့၌ အလွန်ရှည်လျားခဲ့သည်။ မိသားစုများကို အကူအညီပေးသောအားဖြင့် ရေပေးဝေရန် လီတာပေါင်းသောင်းချီရှိသည့် ရေပုလင်းများကို စကော့တလန်က ထရပ်ကားများဖြင့် သယ်ယူပေးခဲ့သည်။ **အေပီ။**

ကမ္ဘာ့အစောဆုံး လူသားမျိုးနွယ်စုအထောက်အထား အစ္စရေး၌တွေ့ရှိ

ဂျေရုဆလင် ဒီဇင်ဘာ ၃၀

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ အရှေ့ပိုင်း၌ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀၀၀ ခန့်မှ လူသားတို့၏ သွဲလွန်စများကို ရှာဖွေတွေ့ရှိခဲ့ရာ လူတူမျိုးနွယ်စုများသည် အာဖရိကမှ စတင်သည်ဟူသော အစဉ်အလာ အသိတရားကို စိန်ခေါ်နိုင်ပြီဖြစ်ကြောင်း အစ္စရေးသုတေသနပညာရှင်တစ်ဦးက ဒီဇင်ဘာ ၂၈ရက်တွင် ပြောကြားသည်။

တဲလ်အဗစ်မြို့ အရှေ့ပိုင်းရှိ ကီဆမ်အမည်ရှိ ဂူအတွင်း၌ တွေ့ရှိခဲ့ရသော သွားရှစ်ချောင်းသည် ယင်းဂူအတွင်းရှိ ကျောက် စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များကို လေ့လာစမ်းသပ်မှုများအရ လူသားမျိုးနွယ်၏ အစောဆုံးသွဲလွန်စများ ဖြစ်ဖွယ်ရှိကြောင်း တဲလ်အဗစ်တက္ကသိုလ်သုတေသနဌာနမှ အဗီဂိုဖာက ပြောကြားသည်။

လူသားအစ မျိုးနွယ်စုများ၏ အင်္ဂါအစိတ်အပိုင်းများအဖြစ် ယူဆရသော သွားရှစ်ချောင်းကို တွေ့ရှိခဲ့ရာ လိုဏ်ဂူသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀၀၀မှ ၂၀၀၀၀၀ အကြား သက်တမ်းရှိမည်ဟု ခန့်မှန်းရကြောင်း ၎င်းကဆိုသည်။

ယင်းသွားများသည် လိုဏ်ဂူ၏ အလွှာအထပ်ထပ်များထဲ၌ ပျံ့နှံ့တည်ရှိနေပြီး ၎င်းတို့တည်ရှိရာ အချို့အလွှာများသည် နှစ်ပေါင်း ၄၀၀၀၀၀ မျှ သက်တမ်းရှိပြီဖြစ်ကြောင်း၊ အချို့အလွှာများမှာ နှစ်ပေါင်း ၂၀၀၀၀၀ ခန့် သက်တမ်းရှိကြောင်း တဲလ်အဗစ်တက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာရှင် အဗီဂိုဖာက ပြောကြားသည်။

ကီဆမ်လိုဏ်ဂူမှ သုတေသနတွေ့ရှိချက်သည် လူမျိုးနွယ်အစ အာဖရိကမှဟူသော အစဉ်အလာ အမြင်နှင့် ဖီလာဖြစ်နေကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖရိကတိုက်အရှေ့ပိုင်း၌ တွေ့ရှိခဲ့ရသော နှစ်ပေါင်း ၂၀၀၀၀၀ ခန့်သက်တမ်းရှိ လူတူမျိုးနွယ်စု အကြွင်းအကျန်များကို လူသားမျိုးနွယ်၏ အစောဆုံးအထောက်အထားများအဖြစ် ယခင်က မှတ်ယူထားကြသည်။ **အေအက်ဖ်ပီ။**



အစ္စရေးနိုင်ငံတွင် တွေ့ရှိခဲ့သော ကမ္ဘာ့အစောဆုံး လူတူမျိုးနွယ်စု၏ အထောက်အထားများ။

စီအိုင်အေလျှို့ဝှက်အကျဉ်းထောင်များဆိုင်ရာ စုံစမ်းစစ်ဆေးမှု အကူအညီပေးရန် အမေရိကန်ငြင်းဆန်ခဲ့

ဝါဆော ဒီဇင်ဘာ ၃၀

ပိုလန်နိုင်ငံ၌ အမေရိကန် ဗဟိုစုံစမ်းစစ်ဆေးရေး အေဂျင်စီ(စီအိုင်အေ)၏ လျှို့ဝှက်အကျဉ်းထောင်တစ်ခု ထားရှိခဲ့ခြင်း၊ မရှိခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ပိုလန်တရားရေးတာဝန်ရှိသူများ၏ အကူအညီတောင်းခံမှုကို အမေရိကန်အစိုးရက ငြင်းပယ်ခဲ့ကြောင်း လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့က ဒီဇင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ပိုလန်စုံစမ်းစစ်ဆေးရေးမှူးများက ပိုလန်နိုင်ငံ၌ စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းများ ရှိ၊ မရှိနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင် ဥပဒေရေးရာအရ အကူအညီပေးရန် မေတ္တာရပ်ခံချက်ကို အမေရိကန်တရားရေးဝန်ကြီးဌာနက အောက်တိုဘာလတွင် ငြင်းဆိုခဲ့သည်ဟုဆိုသည်။

ယင်းသို့ငြင်းဆိုခဲ့ရာတွင် နိုင်ငံအကျိုးစီးပွားကာကွယ်ရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်တစ်ရပ်ကို အမေရိကန် တရားရေးဝန်ကြီးဌာနက အကြောင်းပြခဲ့ကြောင်း လူ့အခွင့်အရေးဆိုင်ရာ ဟယ်လ်ဆင်ကီး ဖောင်ဒေးရှင်းအဖွဲ့က ပြောကြားသည်။

ပိုလန်နိုင်ငံသည် စီအိုင်အေ၏ လျှို့ဝှက်အကျဉ်းစခန်းများကို ၎င်းမြေပေါ်၌ လက်ခံထားရှိခဲ့သည်ဟူသော စွပ်စွဲချက်များကို ဖြေရှင်းနိုင်ရေးအတွက် ပိုလန်တရားသူကြီးများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

သို့ရာတွင် တွေ့ရှိချက်များကို ပိုလန်နိုင်ငံက ထုတ်ပြန်ခြင်းမရှိသေးပေ။ **အင်တာနက်။**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ ညအပူချိန် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၃၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့ တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီနှင့် ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဒီဇင်ဘာ ၃၁ ရက် ညနေအထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော အထူးဖွံ့ဖြိုးရေး ဒေသကြီး (၂၄) ခု

အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုစီမံကိန်း အကောင်အထည်ဖော်ဖြစ်ထွန်းလာမှုများနှင့်အတူ မြန်မာတစ်နိုင်ငံလုံး အချိုးကျကျ ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ရယူထမ်းဆောင်ခဲ့ရချိန်မှစတင်၍ နိုင်ငံနှင့်ပြည်သူတို့အတွက် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် သမိုင်းရေးအမွေဆိုးများသာမက မျက်မှောက်ကာလ ပြည်တွင်း၊ ပြည်ပ မျက်နှာစာများမှ အဖျက်အမှောင့်အန္တရာယ်များ၊ သဘာဝအတားအဆီးများ စသည့် စိန်ခေါ်မှုအမျိုးမျိုးကို "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ရင်ဆိုင်ဖြေရှင်းကျော်လွှားရင်း အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရသည့် အမိမြန်မာနိုင်ငံကို အရှိန်အဟုန်ဖြင့် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကြိုးပမ်းဆောင်ရွက်မှုများတွင် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး (၁၄)ခု၏ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာ၌ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖြစ်နိုင်သမျှ ကွက်လပ်မကျန်ဘဲ မြန်မြန်ဆန်ဆန် ကွက်ပြည့်ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်၏ အဓိကအချက်အချာဒေသများကို အထူးဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် တိုးချဲ့သတ်မှတ်၍ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာရပ်များ တိုးတက်ရေးတို့ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးသည့် စီမံကိန်းပင်ဖြစ်သည်။ လက်တွေ့၌ မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ ကလေး၊ မုံရွာ၊ စစ်ကိုင်း၊ ထားဝယ်၊ မြိတ်၊ ပဲခူး၊ ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ စစ်တွေ၊ ကျိုင်းတုံ၊ တောင်ကြီး၊ ပင်လုံ၊ လားရှိုး၊ ပုသိမ်၊ ဟင်္သာတနှင့် မအူပင်ဟူသည့် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု၌ သာမကဘဲ လူဦးရေထူထပ်ပြီး အချက်အချာကျသော အခြားဒေသများဖြစ်သည့် မိုးညှင်း၊ ကျောက်ဆည်၊ ရွှေဘိုတို့ကိုပါ အထူးဖွံ့ဖြိုးရေးဒေသများကဲ့သို့ပင် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသကြီးတစ်ခုစီတွင် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ခုတင် (၂၀၀) ဆံ့ အထူးကုဆေးရုံကြီးများအပါအဝင် အခြားဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တည်ထောင်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုကဲ့သို့ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်း အကောင်အထည်ဖော် ဖြစ်ထွန်းလာမှုများနှင့်အတူ မြန်မာတစ်နိုင်ငံလုံး အချိုးကျကျ ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ခိုင်မာသည့် အခြေခံကောင်းများပင် ဖြစ်ပေတော့သည်။

အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄) ခု စီမံကိန်းမှ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ၊ တည်ဆောက်မည့် လုပ်ငန်းများ

စဉ်	အထူးဖွံ့ဖြိုးရေး ဒေသကြီး	လုပ်ငန်းများ	ဖွံ့ဖြိုးတိုးတက်မှု	မှတ်ချက်
၁	မြစ်ကြီးနားဒေသ	မြစ်ကြီးနားတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)	၁	တည်ဆောက်ပြီး
		မြစ်ကြီးနားပြည်သူ့ဆေးရုံ	ခုတင်-၃၀၀	တည်ဆောက်ပြီး
		ဗလမင်းထင်တံတား	၂၆၈၈ ပေ	တည်ဆောက်ပြီး
		ကိုယ်ပွားသတင်းစာတိုက် (မြစ်ကြီးနား)	၁	တည်ဆောက်ပြီး
		မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း	၄၁၀၀ မဂ္ဂါဝပ်	တည်ဆောက်ဆဲ
		မြစ်ကြီးနား-လီဒိုလမ်းသစ်	၂၂၈ မိုင်	ဖောက်လုပ်ဆဲ
		မြစ်ကြီးနား-မိုးမိတ်-သီပေါ-လဲချား ရထားလမ်း	၄၇၄ မိုင်	ဖောက်လုပ်မည်
၂	ဗန်းမော်ဒေသ	ဗန်းမော်တက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (ဗန်းမော်)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)	၁	တည်ဆောက်ပြီး
		ဗန်းမော်ပြည်သူ့ဆေးရုံ	ခုတင်-၂၀၀	အဆင့်မြှင့်
		ဗန်းမော်-မြစ်ကြီးနားလမ်း	၁၁၅ မိုင်	ဖောက်လုပ်ပြီး
		ကသာ-ဗန်းမော်ရထားလမ်း	၉၈ မိုင်	ဖောက်လုပ်ဆဲ
		ဗန်းမော်ရေအားလျှပ်စစ်စီမံကိန်း	မဂ္ဂါဝပ် ၃၀၀	တည်ဆောက်မည်
၃	လွိုင်ကော်ဒေသ	လွိုင်ကော်တက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (လွိုင်ကော်)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)	၁	တည်ဆောက်ပြီး
		လွိုင်ကော်ပြည်သူ့ဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		ထီးစဲခါးတံတား	၂၄၀ ပေ	တည်ဆောက်ပြီး
		ဘီလူးချောင်း (၁)	၂၈ မဂ္ဂါဝပ်	တည်ဆောက်ပြီး
		လွိုင်ကော်-ရှားတောလမ်း	၆၂ မိုင်	ဖောက်လုပ်ပြီး
		အောင်ပန်း-လွိုင်ကော်ရထားလမ်း	၁၀၁. ၉၂ မိုင်	ဖောက်လုပ်ပြီး
		ဘီလူးချောင်း (၃)	၄၈ မဂ္ဂါဝပ်	တည်ဆောက်ဆဲ
		တောင်ငူ-လွိုင်ကော်ရထားလမ်း	၁၅၀ မိုင်	ဖောက်လုပ်မည်
၄	ဘားအံဒေသ	ဘားအံတက္ကသိုလ်	၁	တည်ဆောက်ပြီး
		ပညာရေးတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (ဘားအံ)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (ဘားအံ)	၁	တည်ဆောက်ပြီး
		ဘားအံပြည်သူ့ဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		သံလွင်မြစ်ကူးတံတား (ဘားအံ)	၂၂၅၂ ပေ	တည်ဆောက်ပြီး
		ဂျိုင်းမြစ်ကူးတံတား (ဇာသပြင်)	ပေ ၂၉၀၀	တည်ဆောက်ပြီး
		ရုပ်သံ ထပ်ဆင့်လွှင့်စက်ရုံ	၁	တည်ဆောက်ပြီး
		ဘားအံစက်မှုဇုန်	၁	တည်ဆောက်ပြီး
		သထုံ-မြိုင်ကလေး-ဘားအံလမ်း	၁၁၄ မိုင်	တိုးချဲ့မြှင့်တင်
၅	စစ်တွေဒေသ	စစ်တွေတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (စစ်တွေ)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)	၁	တည်ဆောက်ပြီး
		ဖောင်တော်ကြီး ဆိပ်ခံတံတား	၁	တည်ဆောက်ပြီး
		စစ်တွေလေဆိပ်	ပေ ၁၀၀၀၀	တည်ဆောက်ပြီး
		ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်း	၂၀၂ မိုင်	ဖောက်လုပ်ပြီး
		ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)	၁	တည်ဆောက်ပြီး
၆	လားရှိုးဒေသ	နည်းပညာတက္ကသိုလ် (လားရှိုး)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (လားရှိုး)	၁	တည်ဆောက်ပြီး
		လားရှိုးပြည်သူ့ဆေးရုံကြီး	ခုတင်-၂၀၀	တည်ဆောက်ပြီး
		ကောက်ကွေ့ဆည်	ဧက ၆၅၀	တည်ဆောက်ပြီး
		ကိုယ်ပွားသတင်းစာတိုက် (လားရှိုး)	၁	တည်ဆောက်ပြီး
		ကျိုင်းခမ်းရေလှောင်တမံ	ဧက ၅၀၀	တည်ဆောက်ဆဲ
		ဝမ်ပုံဆည်	ဧက ၂၅၀	တည်ဆောက်ဆဲ
		နန့်ကျန်ရေလှောင်တမံ	၁၇၉ ဧက	တည်ဆောက်မည်
		လားရှိုး-မူဆယ်ရထားလမ်း	၁၄၅ မိုင်	ဖောက်လုပ်မည်

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

ကန္တရဝတီ ငွေတောင်ပြည်မှ တိုင်းရင်းသားသွေးချင်းတို့ ဒေသတွင်း၌ပင် လက်လှမ်းတမီ ပညာသင်ယူနိုင်ရေး တည်ဆောက်ပေးထားသော လွိုင်ကော်တက္ကသိုလ်။

စဉ်	အထူးဖွံ့ဖြိုးရေး ဒေသကြီး	လုပ်ငန်းများ	ဖွံ့ဖြိုးတိုးတက်မှု	မှတ်ချက်
၇	ကျိုင်းတုံဒေသ	နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)	၁	တည်ဆောက်ပြီး
		ကျိုင်းတုံပြည်သူ့ဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		မိုးနဲ-ကျိုင်းတုံရထားလမ်း	၂၆ မိုင်	ဖောက်လုပ်ဆဲ
		မိုင်းဆတ်-ကျိုင်းတုံရထားလမ်း	၈၇ မိုင်	ဖောက်လုပ်ဆဲ
		ပင်းတောက်ရေလှောင်တမံ	ဧက ၂၀၀	တည်ဆောက်ဆဲ
၈	တောင်ကြီးဒေသ	တောင်ကြီးတက္ကသိုလ်	၁	အဆင့်မြှင့်တင်
		နည်းပညာတက္ကသိုလ် (တောင်ကြီး)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)	၁	တည်ဆောက်ပြီး
		အမျိုးသမီးနှင့် ကလေးဆေးရုံ	၁	တည်ဆောက်ပြီး
		ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)	၁	တည်ဆောက်ပြီး
		တောင်ကြီး (အေးသာယာ)စက်မှုဇုန်	၁	တည်ဆောက်ပြီး
		ထီဗွာရေလှောင်တမံ	ဧက ၇၀၀	တည်ဆောက်ဆဲ
၉	ပင်လုံဒေသ	ပင်လုံတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ်	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ်	၁	တည်ဆောက်ပြီး
၁၀	မုံရွာဒေသ	မုံရွာတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (မုံရွာ)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (မုံရွာ)	၁	တည်ဆောက်ပြီး
		မုံရွာစီးပွားရေးတက္ကသိုလ်	၁	တည်ဆောက်ပြီး
		မုံရွာပြည်သူ့ဆေးရုံကြီး	ခုတင်-၂၀၀	တည်ဆောက်ပြီး
		ချင်းတွင်းတံတား (မုံရွာ)	ပေ ၄၇၃၀	တည်ဆောက်ပြီး
		စစ်ကိုင်း-မုံရွာရထားလမ်း	၉၆ မိုင်	ဖောက်လုပ်ပြီး
		မုံရွာစက်မှုဇုန်	၁	တည်ဆောက်ပြီး
		မုံရွာ-ကလေးရထားလမ်း	၁၃၅ မိုင်	ဖောက်လုပ်ဆဲ
၁၁	စစ်ကိုင်းဒေသ	ပညာရေးတက္ကသိုလ်	၁	တည်ဆောက်ပြီး
		ပညာရေးကောလိပ်	၁	တည်ဆောက်ပြီး
		အစိုးရနည်းပညာကောလိပ်	၁	တည်ဆောက်ပြီး
		အစိုးရကွန်ပျူတာကောလိပ်	၁	တည်ဆောက်ပြီး
		ပြည်သူ့ဆေးရုံ (စစ်ကိုင်း)	ခုတင်-၂၀၀	တည်ဆောက်ပြီး
၁၂	ကလေးဒေသ	ကလေးတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (ကလေး)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (ကလေး)	၁	တည်ဆောက်ပြီး
		မြစ်သာတံတား	ပေ ၁၃၂၀	တည်ဆောက်ပြီး
		ချောင်းဦး-ကလေးရထားလမ်း	၂၇၇ မိုင်	ဖောက်လုပ်ပြီး
		ကိုယ်ပွားသတင်းစာတိုက် (ကလေး)	၁	တည်ဆောက်ပြီး
		ကလေးစက်မှုဇုန်	၁	တည်ဆောက်ပြီး
		မဏိပူ ရေလှောင်တမံ	၃၈၀ မဂ္ဂါဝပ်	တည်ဆောက်ဆဲ
		မုံရွာ-ကလေးရထားလမ်း	၁၃၅ မိုင်	ဖောက်လုပ်မည်
		ကလေး-တမူးရထားလမ်း	၈၄ မိုင်	ဖောက်လုပ်မည်
၁၃	မြိတ်ဒေသ	မြိတ်တက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (မြိတ်)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (မြိတ်)	၁	တည်ဆောက်ပြီး
		မြိတ်ခရိုင် ပြည်သူ့ဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		ကျွဲကူး-ကျောက်ဖျာတံတား	၃၆၁၂ ပေ	တည်ဆောက်ပြီး
		ပသောင်းတံတား	ပေ ၈၁၀	တည်ဆောက်ပြီး
		ကိုယ်ပွားသတင်းစာတိုက် (မြိတ်)	၁	တည်ဆောက်ပြီး
		မြိတ်စက်မှုဇုန်	၁	တည်ဆောက်ပြီး
		မြိတ်-ထားဝယ်ရထားလမ်း	၁၃၂ မိုင်	ဖောက်လုပ်ဆဲ
၁၄	ထားဝယ်ဒေသ	ထားဝယ်တက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (ထားဝယ်)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (ထားဝယ်)	၁	တည်ဆောက်ပြီး
		ထားဝယ်ပြည်သူ့ဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		အညာပြားရေလှောင်တမံ	ဧက ၃၂၀၀	တည်ဆောက်ပြီး
		ထားဝယ်-ကော့သောင်းလမ်း	မိုင် ၃၆၀	ဖောက်လုပ်ပြီး
		ရေး-ထားဝယ် ရထားလမ်း	၁၀၂ မိုင်ကျော်	ဖောက်လုပ်ပြီး
		ထားဝယ်ရေနက်ဆိပ်ကမ်း	ဘက်စုံ	တည်ဆောက်မည်
၁၅	ပဲခူးဒေသ	ပဲခူးဒီဂရီကောလိပ်	၁	တည်ဆောက်ပြီး
		ပြည်သူ့ဆေးရုံကြီး (ပဲခူး)	ခုတင် -၂၀၀	တည်ဆောက်ပြီး
		ဇလပ်တော်ရေလှောင်တမံ	ဧက ၂၀၀၀	တည်ဆောက်ပြီး
		မဇင်းရေလှောင်တမံ	ဧက ၆၅၀၀	တည်ဆောက်ပြီး
		ရွှေပြည်(၃) ရေလှောင်တမံ	ဧက ၁၂၅၀	တည်ဆောက်ပြီး
		ဖောင်းတူရေလွှဲဆည်	ဧက ၃၆၂၅၀	တည်ဆောက်ပြီး
		ပသိရေလှောင်တမံ	ဧက ၄၀၀၀	တည်ဆောက်ပြီး
		အလိုင်နီရေလှောင်တမံ	ဧက ၁၀၀၀၀	တည်ဆောက်ပြီး
		ပဲခူး(မြို့တွင်း) မြစ်ကူးတံတား	ပေ ၃၅၀	တည်ဆောက်ဆဲ
		ပဲခူး-သန်လျင်ရထားလမ်း	၆၇ မိုင်ကျော်	ဖောက်လုပ်မည်
၁၆	ပြည်ဒေသ	ပြည်တက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (ပြည်)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (ပြည်)	၁	တည်ဆောက်ပြီး
		ပြည်သူ့ဆေးရုံကြီး (ပြည်)	ခုတင်-၂၀၀	တည်ဆောက်ပြီး
		မတောင့်တဆည်	ဧက ၁၀၅၂၀	တည်ဆောက်ပြီး
		ကံကြီးကုန်းဆည်	ဧက ၁၄၀၀	တည်ဆောက်ပြီး
		ဧရာဝတီမြစ်ကူး(နဝဒေး)တံတား	၄၁၈၃ ပေ	တည်ဆောက်ပြီး
		ပြည်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ	၁	တည်ဆောက်ပြီး
		ပြည်စက်မှုဇုန်	လုပ်ငန်း ၁၉၀	တည်ဆောက်ပြီး
		ပြည်-နေပြည်တော်ရထားလမ်း	မိုင် ၁၂၀	ဖောက်လုပ်ဆဲ

ပြည်ထောင်စုကြီးအတွင်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ဟင်္သာတဒေသတွင် ဝေနတံတား(မြို့ကွင်း)ကို တည်ဆောက်ပေးခဲ့ရာ လမ်းပန်းဆက်သွယ်ရေး မြန်ဆန်လွယ်ကူလျက်ရှိသည်။



သင်ကြားရေး ဆေးရုံကြီး

နိုင်ငံတော်က ဒေသတွင်း ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင် ပေးနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးတွင် တည်ဆောက်ပေးခဲ့သော အထွေထွေ ရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီးကို တွေ့ရစဉ်။

စဉ်	အထူးဖွံ့ဖြိုးရေး ဒေသကြီး	လုပ်ငန်းများ	ဖွံ့ဖြိုးတိုးတက်မှု	မှတ်ချက်
၁၇	မကွေးဒေသ	မကွေးတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (မကွေး)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (မကွေး)	၁	တည်ဆောက်ပြီး
		အခြေခံကျန်းမာရေးတက္ကသိုလ်	၁	တည်ဆောက်ပြီး
		မကွေးသင်ကြားရေးဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		အထွေထွေရောဂါကုဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		မကွေးလေယာဉ်ကွင်း	ပေ၁၀၀၀၀	တည်ဆောက်ပြီး
		ဧရာဝတီတံတား (မကွေး)	၅၁၉၂ ပေ	တည်ဆောက်ပြီး
		ကိုယ်ပွားသတင်းစာတိုက် (မကွေး)	၁	တည်ဆောက်ပြီး
		မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း	၆၂ မိုင်ကျော်	တိုးချဲ့ဖောက်လုပ်
၁၈	ပခုက္ကူဒေသ	ပခုက္ကူတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (ပခုက္ကူ)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)	၁	တည်ဆောက်ပြီး
		ပြည်သူ့ဆေးရုံ (ပခုက္ကူ)	ခုတင်-၂၀၀	တည်ဆောက်ပြီး
		ပခုက္ကူ-မင်းတပ်လမ်း	၉၇ မိုင်	ဖောက်လုပ်ပြီး
		ပခုက္ကူ-ဂန့်ဂေါလမ်း	မိုင် ၁၄၀	ဖောက်လုပ်ပြီး
		ပခုက္ကူလေယာဉ်ကွင်း	ကွင်းသစ်	တည်ဆောက်ပြီး
		ပခုက္ကူစက်မှုဇုန်	၁	တည်ဆောက်ပြီး
		ဧရာဝတီတံတား (ပခုက္ကူ)	၂. ၁၆ မိုင်	တည်ဆောက်ဆဲ
		ကြံခင်း-ပခုက္ကူရထားလမ်း	မိုင် ၃၂၀	ဖောက်လုပ်ဆဲ
၁၉	မန္တလေးဒေသ	မန္တလေးတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (မန္တလေး)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (မန္တလေး)	၁	တည်ဆောက်ပြီး
		နိုင်ငံခြားဘာသာတက္ကသိုလ်	၁	တည်ဆောက်ပြီး
		ပြည်သူ့ဆေးရုံ	ခုတင် -၂၀၀	တည်ဆောက်ပြီး
		သင်ကြားရေးဆေးရုံ	၁	တည်ဆောက်ပြီး
		ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်	၁	တည်ဆောက်ပြီး
		သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်	၁	တည်ဆောက်ပြီး
		သူနာပြုတက္ကသိုလ်	၁	တည်ဆောက်ပြီး
		စွမ်းရည်ဖွံ့ဖြိုးမှု ဒီဂရီကောလိပ်	၁	တည်ဆောက်ပြီး
		ဧရာဝတီမြစ်ကူး (ရတနာပုံ)တံတား	၅၆၁၄ ပေ	တည်ဆောက်ပြီး
		မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်	ပေ ၁၄၀၀၀	တည်ဆောက်ပြီး
		ရဲရွာရေအားလျှပ်စစ်စီမံကိန်း	၇၉၀ မဂ္ဂါဝပ်	တည်ဆောက်ပြီး
		မန္တလေးစက်မှုဇုန်	၁	တည်ဆောက်ပြီး
		ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)	၁	တည်ဆောက်ပြီး
၂၀	မိတ္ထီလာဒေသ	မိတ္ထီလာတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (မိတ္ထီလာ)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)	၁	တည်ဆောက်ပြီး
		မိတ္ထီလာစီးပွားရေးတက္ကသိုလ်	၁	တည်ဆောက်ပြီး
		လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	၁	တည်ဆောက်ပြီး
		ပြည်သူ့ဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		မန္တလေး-မိတ္ထီလာလမ်း	၉၇ မိုင်	အဆင့်မြှင့်တင်
		မိတ္ထီလာစက်မှုဇုန်	၁	တည်ဆောက်ပြီး
၂၁	မြင်းခြံဒေသ	အစိုးရနည်းပညာကောလိပ်	၁	တည်ဆောက်ပြီး
		စွန်းလွန်းရေလှောင်တမံ	ဧက-၃၀၀	တည်ဆောက်ပြီး
		မြင်းခြံစက်မှုဇုန်	၁	တည်ဆောက်ပြီး
		အမှတ်(၄) သံမဏိစက်ရုံ	၁	တည်ဆောက်ပြီး
၂၂	ပုသိမ်ဒေသ	ပုသိမ်တက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (ပုသိမ်)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)	၁	တည်ဆောက်ပြီး
		ပြည်သူ့ဆေးရုံကြီး (ပုသိမ်)	ခုတင်-၂၀၀	တည်ဆောက်ပြီး
		ပုသိမ်-ငပုတောလမ်း	၂၁ မိုင်	တည်ဆောက်ပြီး
		စက်မှုဇုန် (ပုသိမ်)	၁	တည်ဆောက်ပြီး
		ပုသိမ်-ရန်ကုန်ရထားလမ်း	၈၉ မိုင်	တည်ဆောက်ဆဲ
၂၃	ဟင်္သာတဒေသ	ဟင်္သာတတက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (ဟင်္သာတ)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (ဟင်္သာတ)	၁	တည်ဆောက်ပြီး
		ဟင်္သာတပြည်သူ့ဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		ငဝန်တံတား (မြို့ကွင်း)	၂၂၈၀ ပေ	တည်ဆောက်ပြီး
		ဟင်္သာတစက်မှုဇုန်	၁	တည်ဆောက်ပြီး
		ဟင်္သာတ-ညောင်တုန်းရထားလမ်း	၄၈ မိုင်	ဖောက်လုပ်ဆဲ
၂၄	မအူပင်ဒေသ	မအူပင်တက္ကသိုလ်	၁	တည်ဆောက်ပြီး
		နည်းပညာတက္ကသိုလ် (မအူပင်)	၁	တည်ဆောက်ပြီး
		ကွန်ပျူတာတက္ကသိုလ် (မအူပင်)	၁	တည်ဆောက်ပြီး
		မအူပင် ပြည်သူ့ဆေးရုံ	ခုတင်-၂၀၀	တည်ဆောက်ပြီး
		မအူပင်တံတား	၂၃၆၂ ပေ	တည်ဆောက်ပြီး
		ခတ္တိယတံတား	၁၂၄၃ ပေ	တည်ဆောက်ပြီး
		မအူပင်သဘာဝဓာတ်ငွေ့မြေ	၁	တည်ဆောက်ပြီး
		မအူပင်-မော်လမြိုင်ကျွန်းလမ်း	၄၃ မိုင်	ဖောက်လုပ်ပြီး
		ဝါးတောရေထိန်းတံခါး	ဧက ၁၅၀၀၀	တည်ဆောက်ပြီး
		ထနီးရေထိန်းတံခါး	ဧက ၁၅၀၀၀	တည်ဆောက်ပြီး

ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်း

နိုင်ငံတော် တစ်ဝန်းလုံး ဆက်သွယ်သွားလာမှု လွယ်ကူစေရန် ကားလမ်း၊ ရထားလမ်းများကို ကွန်ရက်သဖွယ် ဖြန့်ကြက်ဖောက်လုပ်ပေးခဲ့ရာ မိုးနဲ-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းမှ ဖွင့်လှစ်ပြီးဖြစ်သော ကျိုင်းတုံ-ဝမ်ကောင်းရထားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသည့် ရထား တစ်စင်းကို တွေ့ရစဉ်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးနှင့် တပ်မတော်

"လက်သစ်ကိုလိုနီနယ်ချဲ့စနစ်သည် အရင်စနစ်ဟောင်းလို သိသိသာသာနယ်မြေသိမ်းပိုက်ပြီး ကျွန်ပြုတဲ့ နည်းမဟုတ်၊ အတွေးအခေါ်ပိုင်းအရ တဖြည်းဖြည်းနဲ့ ဝါးမျိုကျွန်ပြုတဲ့နည်းမျိုးသုံးလာကြ၊ သတိမထားရင် ကျွန်ဖြစ်မှန်းမသိ ဖြစ်သွားတဲ့အန္တရာယ်မျိုးရှိ၊ လွတ်လပ်ရေးဆိုတာ အမှုမဲ့အမှတ်မဲ့ နေကြရင် ဖျတ်ခနဲဆိုသလို တစ်ခဏအတွင်း တိုင်းတစ်ပါးရဲ့ ကျွန်ပြုခံရပြီး ဆုံးရှုံးနိုင်၊ ပြန်ရဖို့ကြိုးစားမယ်ဆိုရင် အသက် သွေး ချွေး မြောက်မြားစွာ စတေးရ၊ အချိန်အတန်ကြာ ကြိုးပမ်းယူမှ ပြန်ရတတ်တာမျိုးဖြစ်"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၁၈-၆-၁၉၉၀)

မြန်မာ့လွတ်လပ်ရေးသမိုင်းသည် တပ်မတော်သမိုင်းနှင့် ဆက်စပ်နေပေသည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တပ်မတော်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးအဓွန့်ရှည်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ရာတွင်လည်း တပ်မတော်ကို မဏ္ဍိုင်ပြု၍ ဆောင်ရွက်ခဲ့ရသည်။

မြန်မာတို့သည် မိမိတို့၏ဇာတိဌာနေကို ချစ်ခင်မြတ်နိုး တန်ဖိုးထားကြသူများဖြစ်သည်။ မိမိတို့နိုင်ငံတော်ကို "အမိမြန်မာပြည်" ဟူ၍ နတ်မိမယ်တစ်ပါးအလား ဂုဏ်ယူတင်စားလေ့ရှိကြသည်။ ထိုအမိမြန်မာပြည်ကို ကာကွယ်စောင့်ရှောက်တည်ဆောက်မြှင့်တင်ရာတွင်လည်း သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည်။ တိုင်းပြည်၌ အရေးကြုံလျှင် တောင်သူလယ်သမားများပင် ထွန်တုံးထွန်တံကို ပစ်၍ လက်နက်စွဲကိုင်ကာ တိုက်ပွဲဝင်ခဲ့ကြသည်။

သို့ရာတွင် သတိမမူဂူမမြင်ဆိုသကဲ့သို့ အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့ကြသည်။ သွေးရင်းသားရင်းအချင်းချင်း မညီမညွတ်ဖြစ်ခဲ့ကြသည်။ ညီညွတ်မှုအင်အားပြိုကွဲ

လွတ်လပ်ရေး အားမာန်

* ဒို့တာဝန် အရေးသုံးပါး
နှလုံးသားမှာ သန္ဓေတည်။
ဒို့ပြည်သူ တစ်ရပ်လုံး
စည်းလုံးကြမည်။
အဖျက်ရန် အလီလီ
ညီညွတ်စွာ ကာကွယ်ရေး။
ပြည်ထောင်စု အဓွန့်ရှည်
ခံ့ညားတည်ခိုင်မြဲရေး။
သတိအစဉ် ထားပါကွဲ့
ပြည့်အင်အား အမှန်ဟာဖြင့်
ပြည်တွင်းမှာ အခြေတည်သမို့
ဒို့ရွှေပြည် ဘေးမသန်းပါပဲ
အေးချမ်းစွာ ဘက်စုံတိုးအောင်
ကြိုးပမ်းစို့လေး။

* ညီညွတ်စွာ သည်လိုတွေးလို့
လွတ်လပ်ရေး ထိန်းသိမ်းမည်
ပြည်ထောင်ဖွား ညီနောင်များ။
နိုင်ငံတော်အလံ လွှင့်လို့
ရဲရင့်ဝင့်ကြွား။

* ဝါ စိမ်း နီ သုံးရောင်ဆင့်ပါလို့
ဘုန်းရောင်ဝင့် ဒို့အောင်လံ။
အလယ်မှာ ကြယ်ဖြူပွင့်နဲ့
တင့်တယ်လှပြန်။
လွတ်လပ်ရေးအားမာန်
ဒို့အောင်လံ မိုးယံဝင့်။
စံဌာနီ
မြန်မာပြည် တစ်ခွင်လုံး
ပြုံးပန်းတွေပွင့်။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ခွန်ရဲသွေး(အေးသာယာ)

ချိန်တွင် နယ်ချဲ့တို့ မက်မောစရာဖြစ်ခဲ့သော အမိမြန်မာပြည်သည် အင်္ဂလိပ်တို့၏ ကျူးကျော်သိမ်းပိုက်အုပ်စိုးခြင်းကို ခံခဲ့ရပေသည်။ ထိုစဉ်ကာလက မြန်မာတိုင်းရင်းသားပြည်သူတို့ ညီညွတ်မှုမရှိခဲ့ကြရာ နယ်ချဲ့အင်္ဂလိပ်လက်အောက် မကျရောက်ခဲ့လျှင်လည်း အခြားသော လက်နက်အင်အားကြီး နိုင်ငံတစ်ခုခု၏ လက်အောက်သို့ ကျရောက်မည်မှာ ဧကန်ဖြစ်ကြောင်း သမိုင်းသုတေသီများက သုံးသပ်ခဲ့ကြသည်။

သီဟအောင်

မြန်မာတိုင်းရင်းသားအချင်းချင်း မညီမညွတ်ဖြစ်အောင်လည်း နယ်ချဲ့တို့က အစီအစဉ်တကျ သပ်လျှိုသွေးခွဲခဲ့သည်။ ဇာတိမာန်ထက်သန်သော ပြည်သူတစ်ရပ်လုံးအား တစ်ပြိုင်တည်းဖိနှိပ်ရန် မစွမ်းသာသော နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား သုံးကြိမ်သုံးပိုင်းခွဲကာ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ မြန်မာတို့သည် နယ်ချဲ့၏ ပရိယာယ်ကို ကြိုတင်တွက်ဆပြီး ကာကွယ်ရေး၊ စီးပွားရေး၊ စည်းရုံးရေးအင်အားများ ပြင်ဆင်တည်ဆောက်မှု မပြုနိုင်ခဲ့ပေ။ ဤကာလတွင် ပြည်ပသြဇာခံလိုသူ အုပ်စုများ မြန်မာ့နန်းတွင်း၌ ပေါ်ပေါက်ခဲ့သည်။ ထိုခေတ်က နိုင်ငံရေးသမားဟု ခေါ်ဆိုရမည့် မှူးမတ်များသည် လွှတ်တော်အတွင်း တစ်ဖက်နှင့် တစ်ဖက် မာန်စောင်တင်းငြင်းခုံခြင်းဖြင့် နိုင်ငံ့အင်အားကို လုံးပါးပါးစေခဲ့သည်။

ရောဝတီမြစ်ကြောင်းအတိုင်း ချီတက်တိုက်ခိုက်လာသော နယ်ချဲ့တပ်များအား မြန်မာ့တပ်မတော်က အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်စတမ်း ရင်ဆိုင်ခုခံရန် သန္နိဋ္ဌာန်ချထားခဲ့ပြီးဖြစ်သည်။ "ရှုံးနိုင်နှစ်တန်၊ ခုခံတိုက်ခိုက်၊ ကျော၌ ဒဏ်ရာမထိရာ၊ ရင်မှာထိမှ မြတ်ရာ၏" ဟူ၍ ရဲမက်စစ်သည်တိုင်း စိတ်ပိုင်းဖြတ်ထားခဲ့ကြသည်။ သို့ရာတွင် နယ်ချဲ့ပရိယာယ်ကို လွယ်လွယ်တွေးပြီး နိုင်ငံ့အနာဂတ်ရေးကို ပေါ့ပေါ့တန်တန် သဘောထားခဲ့ကြသော မှူးမတ်တို့၏ လွှတ်တော်က မြန်မာ့တပ်မတော်အား လက်နက်ချရန် ရာဇသံပေးခဲ့သည်။ အမိန့်နှင့် တာဝန်ကို ဦးလည်မသုန်လိုက်နာလေ့ရှိကြသော မြန်မာပြည်ဖွား စစ်သားကြီးများသည် အထက်အမိန့်ကြောင့် အားမတန်၍ မာန်လျှော့ခဲ့ကြရသည်။ လက်နက်များကို စွန့်ပစ်ကာ ပြည်သူလူထုအတွင်းသို့ ပျံ့နှံ့ဝင်ရောက် တပ်ဖျောက်ခဲ့ကြရသည်။

တိုင်းပြည်၏ လက်ရုံးလက်သီး ဓားသွားသဖွယ်ဖြစ်သော တပ်မတော်ဟူ၍ မရှိတော့ချိန်တွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာ့နန်းတွင်းသို့ တံခါးမရှိ ဓားမရှိ ဝင်ရောက်နိုင်ခဲ့ကြသည်။ မြန်မာဘုရင်နှင့် မိဖုရားကို ကြက်ကလေး ငှက်ကလေးများသဖွယ် အလွယ်တကူ ဖမ်းယူခေါ်ဆောင်ပြီး ပြည်နှင်ဒဏ်ပေးခဲ့ကြသည်။ နိုင်ငံနှင့်ပြည်သူတို့မှာ အမိမဲ့သား ရေနည်းငါးသဖွယ်ဖြစ်ကာ နယ်ချဲ့တို့၏ လက်ခုပ်ထဲမှ ရေသဖွယ် ခြယ်လှယ်သွေးစုပ် ဖိနှိပ်အုပ်ချုပ်ခံခဲ့ကြရတော့သည်။

ဤသို့ ကျွန်ဖြစ်ခဲ့ရသည့် နိဒါန်းအစမှာပင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစတင်ခဲ့သည်ဟု ဆိုရမည်။ တပ်မတော်သားစစ်သည်ရဲမက်ကြီးများသည် မြန်မာပြည်တစ်နံတစ်လျားမှ မျိုးချစ်ပြည်သူများနှင့် ပူးပေါင်းပြီး နယ်ချဲ့ခုခံရေးတိုက်ပွဲများကို ရရာလက်နက်စွဲကိုင်ပြီး ဆင်နွှဲခဲ့ကြသည်။ သို့ရာတွင် ကိုယ်ပိုင်တပ်မတော်ကို မဏ္ဍိုင်ပြုပြီး ခုခံရေးစစ်ပွဲကြီးတစ်ရပ်ကို ခင်းကျင်းနိုင်ခြင်း မဟုတ်၍ နယ်ချဲ့တပ်များ၏ အမှည့်ခြွေချေမှုန်းမှုကို ခံခဲ့ကြရသည်။

ဤသို့ဖြင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းသည် ကိုလိုနီလက်အောက်ခံကာလ နှစ် ၁၀၀ ကျော်မျှ ရှည်ကြာခဲ့ရသည်။ အသက်သွေးချွေးပေါင်း မြောက်မြားစွာ စတေးခဲ့ရသည်။ လက်ရုံးရည်တိုက်ပွဲများ အရေးနိမ့်ခဲ့ရသည်။ ကျွန်သက် ရှည်ကြာလာခဲ့သော်ငြား မြန်မာတို့၏ သူ့ကျွန်အဖြစ် နှံ့နစ်မခံလိုသည့် ဇာတိမာန်ကား တိမ်ကောမသွားခဲ့ပေ။ အမျိုးဘာသာ၊ သာသနာဟူသည့် အမျိုးသားရေးကို အလေးထားသူများ အရေအတွက် များပြားလာသည်နှင့်အမျှ မြန်မာတို့ နိုင်ငံရေးအရ နိုးကြားတက်ကြွလာခဲ့ကြသည်။ ခေတ်ပညာတတ်များ ဦးဆောင်ခဲ့ကြသည့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဖဆပလ စသည့် နိုင်ငံရေးအဖွဲ့အစည်းများ ခေတ်အလိုက်ပေါ်ထွက်လာခဲ့သည်။ နိုင်ငံရေးသမားဟူသော လူ့အလွှာတစ်ရပ် မြန်မာ့သမိုင်းဇာတ်ခုံတွင် ပေါ်ထွန်းခဲ့သည်။ နိုင်ငံရေးသမားတို့က နယ်ချဲ့အစိုးရထံမှ အခွင့်အလမ်းဟူသမျှကို အရေးဆိုခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့ကလည်း နိုင်ငံရေးအရ ပါးနပ်စွာဖြင့် ပေးနိုင်သမျှ အခွင့်အရေးဖြင့် အချိုသပ်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုမှာ ရှေ့မတိုး၊ နောက်မဆုတ်ဖြစ်နေခဲ့သည်။ နိုင်ငံရေးသမားဟူသည် ကိုယ်ကျိုး စွန့်မှုအပေါ် ရပ်တည်၍ နိုင်ငံ့အရေး လှုပ်ရှားဆောင်ရွက်သူများဖြစ်သည်။ သို့ရာတွင် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန်အတွက် ကိုယ်ကျိုးစွန့်ရုံမျှနှင့် မပြီးနိုင်၊ မြန်မာ့လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်မှ ရနိုင်မည်ဟူသော သဘောတရား တစ်နေ့တခြားထင်ရှားလာခဲ့သည်။ ကိုယ်ကျိုးစွန့်ထားသူ ခေတ်ပညာတတ် နိုင်ငံရေးသမား ဒေါင်ဒေါင်မြည်များသည် ရဲဘော်သုံးကျိပ်အဖြစ် စစ်ပညာများကို သင်ယူခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ခဲ့ကြသည်။ မြန်မာ့သမိုင်းဇာတ်ခုံတွင် လိုအပ်နေသော တပ်မတော်သားစစ်သည်များ တစ်ရှိန်ထိုးပေါ်ထွက်လာခဲ့သည်။

"ဗမာ့လွတ်လပ်ရေးတပ်မတော်သည် စစ်တပ်တစ်တပ်မျှသာ မဟုတ်ခဲ့ချေ။ မြန်မာ့အမျိုးသားစိတ်ဓာတ်ကို အသက်သွင်းထားခြင်းဖြစ်၏။ အမျိုးသားစည်းလုံးမှုအင်အားကို တက်ကြွစေ၏။ အမျိုးသားတို့အား ဂုဏ်တက်ရဲရင့်စေ၏"

(ဒေါက်တာမောင်မောင်)

စစ်ရေးဟူသည် နိုင်ငံရေးလှုပ်ရှားမှု၏ နောက်ဆက်တွဲဖြစ်ရပ်ဟု အဆိုရှိပေသည်။ မြန်မာ့သမိုင်းဇာတ်ခုံ၌ ကိုယ်ကျိုးစွန့်သူ နိုင်ငံရေးသမားနှင့် အသက်ကို ပဓာနမထား စွန့်လွှတ်စွန့်စားသူ တပ်မတော်သားတို့ လက်တွဲပူးပေါင်းမိချိန်တွင် လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်အဟုန် အထွတ်အထိပ်ကာလသို့ ရောက်ရှိခဲ့သည်။ တပ်မတော်သား၊ နိုင်ငံရေးသမားနှင့် ပြည်သူပြည်သားတို့ တစ်သွေးတည်း တစ်သားတည်း ဖြစ်ခဲ့ကြသည်။ တစ်စိတ်တည်းတစ်ဝမ်းတည်း တိုင်းပြည်ရေးအတွက် ပြိုင်တူချီတက်ခဲ့ကြသည်။ နှစ်ပေါင်း ၁၀၀ ကျော် ရုန်းကန်လှုပ်ရှား ကြိုးပမ်းခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ဤပုံဤနည်းဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်လေသည်။

မြန်မာ့သမိုင်းကြောင်းက တပ်မတော်သားများနှင့် နိုင်ငံရေးသမားများ ပူးပေါင်းမှ တိုင်းပြည်ကောင်းမည်ဖြစ်ကြောင်း လမ်းညွှန်ပြသနေပြီဖြစ်သည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့သင်ကြားလေ့ကျင့်ပေးခဲ့သည့် ပါလီမန်ဒီမိုကရေစီစနစ်အတိုင်း မြန်မာ့လွတ်လပ်ရေးခရီးဆက်ရသည်ဖြစ်ရာ နိုင်ငံရေးသမားများ ပါလီမန်လွှတ်တော်အတွင်း ခေါင်းပေါင်းစတလူလူဖြင့် စန်းပွင့်ခဲ့ကြသည်။

လွတ်လပ်ရေးကိုရယူခြင်းသည် တိုင်းတစ်ပါးသားတို့၏ လက်အောက်မှ လွတ်မြောက်လိုမှုတစ်ခုတည်းကြောင့်သာ မဟုတ်ချေ။ မိမိနိုင်ငံကို အခြားကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းပြီး အဆင့်ဆင့်တက်လှမ်းနိုင်ရေးအတွက်ဖြစ်သည်။ ကာကွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်တွင် မြန်မာတို့ လူတန်းစေ့နေနိုင်ရေး၊ အခြားနိုင်ငံများနှင့် ပခုံးချင်းယှဉ်ရင်ပေါင်တန်းနိုင်ရေးအတွက် ဖြစ်သည်။

ထိုအရေး၊ ဤအရေးများကို လွတ်လပ်ရေးရပြီးသည်နှင့် မြန်မာတို့ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းလုပ်ကိုင်ခွင့်မရခဲ့ပေ။ မတတ်သာ၍ လွတ်လပ်ရေးကို ပေးခဲ့ရသော်ငြား မြန်မာတိုင်းရင်းသားချင်း စိတ်ဝမ်းကွဲအောင် နယ်ချဲ့တို့က နှစ်ရှည်လများ သပ်လျှိုသွေးခွဲထားခဲ့သည်။ ယင်းသို့ တိုင်းရင်းသားရေးရာများ ရှုပ်ထွေးနေချိန်တွင် မြွေပူရာကင်းမှောင့်ဆိုသကဲ့သို့ နိုင်ငံရေးသမားများဘက်ကလည်း တစ်စခန်းထလာခဲ့ပြန်သည်။ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များကြားတွင် အချင်းချင်းစိတ်ဝမ်းကွဲရုံမက လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့ကြသည်။

တပ်မတော်ကမူ ဒီမိုကရေစီအရေးကို လိုလိုလားလား လက်ခံခဲ့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းမှု စစ်မီးတောက်ကို ရှိသမျှအင်အားဖြင့် တွန်းလှန်နိုင်ခဲ့သည်။ နိုင်ငံခြားမီဒီယာများက ရန်ကုန်ခြောက်မိုင်အစိုးရဟု ပြက်ရယ်ခေါ်ဝေါ်ခဲ့သည်အထိ အုပ်ချုပ်ရေးအာဏာ ယိုင်နဲ့ခဲ့ရသည်။ တပ်မတော်က သောင်းကျန်းသူများလက်သို့ တစ်ပြည်လုံးနီးပါး ကျရောက်နေသည့်အထဲမှ တစ်မြို့ပြီးတစ်မြို့ ပြန်လည်သိမ်းပိုက်ပေးခဲ့ရသည်။

ထိုအချိန်က ပြည်တွင်းသောင်းကျန်းသူများမှာ အမျိုးစုံလင်လှသည်။ တစ်ယူသန်လူမျိုးစွဲစိတ်ပြင်းထန်သော လူမျိုးစုသောင်းကျန်းသူများ၊ ပြည်ပသြဇာခံသော ပုဆိန်ရိုးသောင်းကျန်းသူများ၊ ပါတီစွဲ၊ ဝါဒစွဲသန်သော နိုင်ငံရေးသမားသောင်းကျန်းသူများစသည်ဖြင့် အသွေးအရောင်စုံခဲ့သည်။ မြန်မာ့သမိုင်းဇာတ်လမ်းကား ဆန်းကျယ်ပေစွဟု ဆိုရမလိုပင်ဖြစ်သည်။ နိုင်ငံရေးသမားဘဝမှ

တပ်မတော်သားဘဝ
ဘဝမှ လက်နက်ကို
တွေ့ခဲ့ရပေသည်။
လက်နက်စွဲကိုင်
လည်း တွေ့ရသည်၊
မထား၊ အမျိုးသားနို
သည်။ သောင်းကျန်း
ကာ တစ်ယူသန် နိုင်ငံ
မည်သို့ပင်ဖြစ်
ပေါက်ဖွားခဲ့သောတပ်
အပါတို့၏ ပြည်ပကျူ
အရလည်း ကိုလိုနီ
တွန်းလှန်ကာကွယ်နို
စီးပွားရေး၊ စစ်ရေး
စေခိုင်းအမြတ်ထုတ်
ပြည်တွင်းမှ နိုင်ငံရေ

စစ်ရေးဟူသည် နိုင်ငံရေးလှုပ်ရှားမှု၏ နောက်ဆက်တွဲဖြစ်ရပ်ဟု အဆိုရှိပေသည်။ မြန်မာ့သ
နိုင်ငံရေးသမားနှင့် အသက်ကို ပဓာနမထား စွန့်လွှတ်စွန့်စားသူ တပ်မတော်သားတို့ လက်တွဲပူးပေါင်းမိချိ
အရှိန်အဟုန် အထွတ်အထိပ်ကာလသို့ ရောက်ရှိခဲ့သည်။ တပ်မတော်သား၊ နိုင်ငံရေးသမားနှင့် ပြည်
တစ်သားတည်း ဖြစ်ခဲ့ကြသည်။ တစ်စိတ်တည်းတစ်ဝမ်းတည်း တိုင်းပြည်ရေးအတွက် ပြိုင်တူချီတက်ခဲ့ကြ
ရုန်းကန်လှုပ်ရှား ကြိုးပမ်းခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ဤပုံဤနည်းဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်လေ

အကြောင်းအမျိုးမျိုး
ပြည်ပြေးများကို လည်
ကိုယ်လှန်ထောင်းခိုင်
မြန်မာ့သမိုင်းက
လက်တွဲပူးပေါင်းစွမ်း
တပ်မတော်၊ နိုင်ငံရေ
ဆက်လက်ချီတက်ရေ
ရေးကို မောင်ပိုင်စီး
ဖြစ်ရပ်များ၊ သမိုင်းေ
ခြင်းပင် ဖြစ်သည်။
နိုင်ငံရေးသမား
စစ်တန်းလျားတွင်
ရှေ့တန်းစစ်မြေပြင်တ
လုံခြုံရေးနှင့် ကာကွ
မလွှဲသာမရှောင်သာ
မြန်မာနိုင်ငံသ
ဝင်ခဲ့ဖူးပြီ။ ပါလီမန်
ကြုံခဲ့ဖူးပြီ။ နိုင်ငံရေး
တိုင်းပြည် ခေတ်နေ
ထို့ကြောင့် တပ်
သားလက်နက်ကိုင်အ
သားလက်နက်ကိုင်အ
အတွင်း ဝင်ရောက်ခဲ့

သာ၊ သာသနာဟူသည့်
များပြားလာသည်နှင့်အမျှ
ည်။ ခေတ်ပညာတတ်များ
မာအစည်းအရုံး၊ ဖဆပလ
ွက်လာခဲ့သည်။ နိုင်ငံရေး
ခုံတွင် ပေါ်ထွန်းခဲ့သည်။
မ်းဟူသမျှကို အရေးဆိုခဲ့
ပါးနပ်စွာဖြင့် ပေးနိုင်သမျှ

ကမဆုတ်ဖြစ်နေခဲ့သည်။
ည်၍ နိုင်ငံ့အရေး လှုပ်ရှား
အာက်မှ လွတ်မြောက်ရန်
ပ်ရေးကို သက်စွန့်ကြိုးပမ်း
ထခြားထင်ရှားလာခဲ့သည်။
ဒေါင်ဒေါင်မြည်များသည်
ည်။ မြန်မာ့လွတ်လပ်ရေး
တ်ခုံတွင် လိုအပ်နေသော
ာခဲ့သည်။

တစ်တပ်မျှသာ မဟုတ်
ာ်သွင်းထားခြင်းဖြစ်၏။
။ အမျိုးသားတို့အား

ဒါက်တာမောင်မောင်)

က်တွဲဖြစ်ရပ်ဟု အဆိုရှိပေ
ရေးသမားနှင့် အသက်ကို
လက်တွဲပူးပေါင်းမိချိန်တွင်
ာလသို့ ရောက်ရှိခဲ့သည်။
တစ်သွေးတည်း တစ်သား
း တိုင်းပြည်ရေးအတွက်
ပ်လှုပ်ရှား ကြိုးပမ်းခဲ့ရသော
ဖြစ်လေသည်။
နှင့် နိုင်ငံရေးသမားများ
ပြသနေပြီဖြစ်သည်။ သို့ရာ
ပါလီမန်ဒီမိုကရေစီစနစ်
ငံရေးသမားများ ပါလီမန်
င့်ခဲ့ကြသည်။
ားတို့၏ လက်အောက်မှ
မိမိနိုင်ငံကို အခြားကမ္ဘာ့

တပ်မတော်သားဘဝသို့ ရောက်ရှိသွားသူများကို တွေ့နိုင်သကဲ့သို့ နိုင်ငံရေးသမားဘဝမှ လက်နက်ကိုင် သောင်းကျန်းသူဘဝသို့ ပြောင်းလဲသွားသူများကိုလည်း တွေ့ခဲ့ရပေသည်။

လက်နက်စွဲကိုင်ပုံချင်းတူသော်ငြားလည်း ရပ်တည်ပုံကွဲပြားခြားနားသည်ကိုလည်း တွေ့ရသည်။ တပ်မတော်သားတို့က မည်သည့် ဝါဒစွဲ၊ လူမျိုးစွဲဟူ၍ မထား၊ အမျိုးသားနိုင်ငံရေးသမားဘဝကိုသာ တစ်လျှောက်လုံး ခံယူကျင့်သုံးခဲ့သည်။ သောင်းကျန်းသူတို့က ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ အာဃာတတရားကြီးမားကာ တစ်ယူသန် နိုင်ငံရေးသမားဘဝကိုသာ တစ်သက်လုံးခံယူကျင့်သုံးခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ဗမာ့လွတ်လပ်ရေးတပ်မတော်ဘဝမှ စတင်ပေါက်ဖွားခဲ့သောတပ်မတော်သည် စစ်ရေးအရ ကူမင်တန်တရုတ်ဖြူနှင့် အပေါင်းအပါတို့၏ ပြည်ပကျူးကျော်မှုကို တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည့်နည်းတူ နိုင်ငံရေးအရလည်း ကိုလိုနီလက်သစ်နိုင်ငံကြီးများ၏ ထိပါးထိုးဖောက်မှုကို ကြံ့ကြံ့ခံတွန်းလှန်ကာကွယ်နိုင်ခဲ့သည်။ ကိုလိုနီလက်သစ်ဝါဒဆိုသည်မှာ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအပါအဝင် ဘက်ပေါင်းစုံမှ ထိုးဖောက်ထိန်းချုပ်လမ်းညွှန်စေခိုင်းအမြတ်ထုတ်သည့်နည်းလမ်းပင်ဖြစ်သည်။ ဤနည်းလမ်းအရ မြန်မာပြည်တွင်းမှ နိုင်ငံရေးသမားအမည်ခံထားသူအချို့ကို လည်းကောင်း၊ ပြည်ပသို့

...အဆိုရှိပေသည်။ မြန်မာ့သမိုင်းဇာတ်ခုံ၌ ကိုယ်ကျိုးစွန့်သူ...သားတို့ လက်တွဲပူးပေါင်းမိချိန်တွင် လွတ်လပ်ရေးကြိုးပမ်းမှု...။ နိုင်ငံရေးသမားနှင့် ပြည်သူပြည်သားတို့ တစ်သွေးတည်း...းအတွက် ပြိုင်တူချီတက်ခဲ့ကြသည်။ နှစ်ပေါင်း ၁၀၀ ကျော်...ဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်လေသည်။

နိုင်ရေးအတွက်ဖြစ်သည်။
ူမှုရေး အဘက်ဘက်တွင်
ခုံးချင်းယှဉ်ရင်ပေါင်တန်း

ရပြီးသည်နှင့် မြန်မာတို့
မရခဲ့ပေ။ မတတ်သာ၍
ားချင်း စိတ်ဝမ်းကွဲအောင်
ှ်။ ယင်းသို့ တိုင်းရင်းသား
ိုသကဲ့သို့ နိုင်ငံရေးသမား
ရေးလုပ်ဖော်ကိုင်ဖက်များ
ိုင်တိုက်ခိုက်ခဲ့ကြသည်။
ား လက်ခံခဲ့သည်။ ဖွဲ့စည်း
က်နာဆောင်ရွက်ခဲ့သည်။
ာင်းကျန်းမှု စစ်မီးတောက်
ားမီဒီယာများက ရန်ကုန်
ပ်ချုပ်ရေးအာဏာ ယိုင်နဲ့ခဲ့
စ်ပြည်လုံးနီးပါး ကျရောက်
ာ်ပေးခဲ့ရသည်။
 အမျိုးစုံလင်လှသည်။
ကျန်းသူများ၊ ပြည်ပသြဇာခံ
ခန်သော နိုင်ငံရေးသမား
ခဲ့သည်။ မြန်မာ့သမိုင်း
ည်။ နိုင်ငံရေးသမားဘဝမှ

အကြောင်းအမျိုးမျိုးဖြင့် ထွက်ပြေးရောက်ရှိနေသော နိုင်ငံရေးသမားအမည်ခံပြည်ပြေးများကို လည်းကောင်း နယ်ချဲ့လက်သစ်တို့က တပည့်မွေးပြီး ကိုယ့်ပေါင်ကိုယ်လှန်ထောင်းခိုင်းခဲ့သည်။

မြန်မာ့သမိုင်းကိုခြုံ၍ကြည့်လျှင် တပ်မတော်သားနှင့် နိုင်ငံရေးသမားတို့ လက်တွဲပူးပေါင်းစွမ်းဆောင်မှု ကောင်းခဲ့သည့် လွတ်လပ်ရေးလမ်းကြောင်းပေါ်တွင် တပ်မတော်၊ နိုင်ငံရေးပါတီနှင့် ပြည်သူများ ညီညီညွတ်ညွတ် လက်တွဲမဖြုတ်ဘဲ ဆက်လက်ချီတက်လျှောက်လှမ်းရမည့်အစား နိုင်ငံရေးသမားတို့၏ မြန်မာ့နိုင်ငံရေးကို မောင်ပိုင်စီးသည့်လုပ်ရပ်ကြောင့် တိုင်းပြည်ကနုန့ မုန်တိုင်းကထန်ထန်ဖြစ်ရပ်များ၊ သမိုင်းရေစီး လှိုင်းကြီးလေထန်ဖြစ်ရပ်များနှင့် မြန်မာတို့ကြုံတွေ့ခဲ့ရခြင်းပင် ဖြစ်သည်။

နိုင်ငံရေးသမားများ၏ လုပ်နည်းလုပ်ဟန်မှုမမှန်သဖြင့် တပ်မတော်သည် စစ်တန်းလျားတွင် ထုသားပေသားကျအောင် လေ့ကျင့်သင်ယူနေရမည့်အစား ရှေ့တန်းစစ်မြေပြင်တစ်နံတစ်လျားတွင် စစ်ညောင်းတာရှည်ခဲ့ရသည်။ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကိုသာမက အမျိုးသားနိုင်ငံရေးတာဝန်ကိုပါ မလွှဲသာမရှောင်သာ ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့နှင့် ဖက်ဆစ်ဟူသည့် ရှင်ကြီးဝမ်းရောရှင်ငယ်ဝမ်းပါဝင်ခဲ့ဖူးပြီ။ ပါလီမန်ဒီမိုကရေစီခေတ်နှင့် ဆိုရှယ်လစ်ဒီမိုကရေစီ ခေတ်ကိုလည်း ကြုံခဲ့ဖူးပြီ။ နိုင်ငံရေးပါတီများ အကွဲကွဲအပြားပြားဖြစ်ခဲ့ရသည့် ကာလတစ်လျှောက် တိုင်းပြည် ခေတ်နောက်ကျခဲ့ရသည်။

ထို့ကြောင့် တပ်မတော်အစိုးရခေတ်ကာလတွင် တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရယူတည်ဆောက်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်းများစွာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ နယ်စပ်ဒေသများ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုး တိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာန ကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ်လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

ရေးကို လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ကြသည်။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများအပြားသည် နယ်ခြားစောင့်တပ်များအဖြစ် တပ်မတော်နှင့်ပူးပေါင်းပြီး နယ်မြေဒေသလုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စနစ်တကျထမ်းဆောင်နေကြပြီဖြစ်သည်။

တပ်မတော်အစိုးရသည် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းကိုလည်း စောင့်ထိန်းခဲ့သည်။ နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့သည်။ နိုင်ငံရေးပါတီများ လွတ်လပ်စွာ ယှဉ်ပြိုင်လှုပ်ရှားနိုင်သည့် အရှည်တည်တံ့သော နိုင်ငံရေးစနစ်တစ်ခု ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကို ကျင်းပပေးခဲ့သည်။ ခေတ်စနစ်နှင့် လျော်ညီသော ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ပေါက်ရေးအတွက် အားပေးကူညီခဲ့သည်။

အမျိုးသားညီလာခံကျင်းပနေစဉ်ကာလ၌ နောင်ပေါ်ပေါက်လာမည့် နိုင်ငံရေးအစိုးရများ တိုင်းပြည်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်တည်ဆောက်ရာတွင် ရေကန်အသင့်ကြာအသင့်ဖြစ်စေရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးအခြေခံကောင်းများကို နိုင်ငံနှင့် အဝန်း ထုထည်ပမာဏ အင်အားကြီးမားစွာဖြင့် အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်ပေးခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ စတင်ပေါ်ပေါက်လာမည့် လွှတ်တော်အသီးသီးရေရှည်တွင် စွမ်းရည်ထက်မြက်မြင့်မားစွာဖြင့် လှုပ်ရှားစွမ်းဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျိုးဆက်သစ်အင်အားစုများကို ကြိုတင်ပြင်ဆင်ပြုစုပျိုးထောင်ပေးခဲ့သည်။ ဒေသခံတိုင်းရင်းသားလူငယ်မောင်မယ်များ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု၌ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ဖွင့်လှစ်၍ လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။

နိုင်ငံရေးသမားနှင့် တပ်မတော်သားများ နိုင်ငံတော်တည်ဆောက်ရေးတွင် လက်တွဲပူးပေါင်းဆောင်ရွက်သည့် အစဉ်အလာကောင်း ဖြစ်တည်ရှင်သန်ရန်အတွက် လွှတ်တော်အသီးသီးတွင် တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းစီ ပါဝင်ဆောင်ရွက်ရေးကိုလည်း အနာဂတ်အရေး အရှည်မြော်တွေးပြီး လမ်းခင်းပေးထားသည်။

အမှန်စင်စစ် ကိုလိုနီလက်အောက်တွင် နှစ်ပေါင်းရာနှင့်ချီ၍ ကျရောက်ခဲ့ရပြီး ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို နှစ်ပေါင်း ၄၀ ကျော်ခံခဲ့ရသဖြင့် အဘက်ဘက်မှ အနည်းမထိုင် အသားမကျသေးသော မြန်မာနိုင်ငံ၏ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ် စပ်ကူးမပ်ကူးကာလတွင် တပ်မတော်သားတို့၏ စွမ်းအားသတ္တိ၊ နိုင်ငံရေးသမားတို့၏ လုပ်ရည်ကိုင်ရည်၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့မှာ မလွဲမသွေလိုအပ်ချက်များပင်ဖြစ်သည်။ အချိန်ရ အသားကျလာသည်နှင့်အမျှ အခြေခံကောင်းများအပေါ် အလားအလာကောင်းများ ပေါင်းစပ်လာနိုင်ချိန်တွင် တိုင်းပြည်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေသည့် ပြုပြင်ပြောင်းလဲချက်များကို စည်းဝေးတိုင်ပင် ညှိနှိုင်းဆုံးဖြတ်နိုင်ကြမည်သာ ဖြစ်သည်။

ယနေ့ကာလသည် တပ်မတော်အစိုးရက ခေတ်စနစ်နှင့်အညီ နိုင်ငံ၏ အမျိုးသားရေးအင်အားစုအားလုံးကို လက်တွဲခေါ်ဆောင် ပူးပေါင်းဆောင်ရွက်နေသည့်အချိန်ကာလကောင်းဖြစ်ပေရာ မြန်မာ့လွတ်လပ်ရေးနှင့် တပ်မတော်၏ ဖြစ်ထွန်းတည်ရှိမှုကို တန်ဖိုးထားနှလုံးသွင်းလျက် တိုင်းကျိုးပြည်ဆောင် အောင်မြင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းမိသားစုအိမ်ရာ၌ ကျင်းပသော ၂၀၁၀ ခုနှစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဌာနတွင်း ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒီဇင်ဘာအားကစားလ အမျိုးသားအားကစားလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းမိသားစုအိမ်ရာ၌ ကျင်းပသော ၂၀၁၀ ခုနှစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဌာနတွင်းပိုက်ကျော်ခြင်းပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲများသို့ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားနည်းပြများနှင့် အားကစားသမားများ၊ ဌာနအသီးသီးမှ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ ပရိသတ်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲအစီအစဉ်အရ အုပ်စုတွင်းပြိုင်ပွဲများအဖြစ် ပြည်တွင်းအခွန်များဦးစီးဌာနအသင်းနှင့် အကောက်ခွန်ဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝန်ကြီးက ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့် လာရောက်ကြည့်ရှုကြသော ဝန်ထမ်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဌာနအသီးသီး၏ ဝန်ထမ်းများ၊ မိသားစုဝင်များ၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် ဒီဇင်ဘာအားကစားလ အမျိုးသားအားကစားလှုပ်ရှားမှုအဖြစ် အမျိုးသား၊ အမျိုးသမီး တစ်ယောက်ချင်းနှင့် နှစ်ယောက်တွဲ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးတစ်ယောက်ချင်းနှင့် နှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများကို နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်အားကစားကွင်းနှင့် ဝန်ထမ်းမိသားစုအိမ်ရာ ဓနသိဒ္ဓိရပ်ကွက် အားကစားကွင်းများ၌ ကျင်းပလျက်ရှိပြီး အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တမူးမြို့ စော်ဘွားအင်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီထွေး နှင့်လမ်းကော်မတီ ဦးထွန်းနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သံအမတ်ကြီး ဦးသန့်ကျော် ၎င်း၏သံအမတ်ခန့်အပ်လွှာကို နယ်သာလန်ဘုရင်မထံ ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃၁

နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန့်ကျော်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် သည်ဟိဂ်မြို့၌ နယ်သာလန်နိုင်ငံ ဘုရင်မဘိထရစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

(၂၁)ကြိမ်မြောက် နတ်မောက်မြို့နယ် အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးပွဲ၊ သက်ကြီးနာယက များပူဇော်ပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာဓုပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းလှူဒါန်းလိုသူများသည် ကျောင်းတိုက်ဆရာတော် ဖုန်း-၀၁-၅၁၂၀၆၆၊ ဥက္ကဋ္ဌ ဦးဟန်ဇော် ဖုန်း-၅၆၃၉၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၉၊ ဦးတင်ဝင်း ဖုန်း-၆၅၅၁၅၈၊ ဦးကြည် ဖုန်း-၇၃၀-၁၁၈၉၄၊ ဦးအောင်သန်းထွန်း ဖုန်း-၅၄၃၃၉၁၊ ဦးအောင်ဝင်း ဖုန်း-၂၂၉၂၈၁ နှင့် ဦးထွန်းညွန့် ဖုန်း-၅၁၇၁၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဒီဇင်ဘာ ၃၀

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	**ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန**
(က) ဦးမြင့်ဇော်	ညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ခ) ဦးအောင်သန်းဦး	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ဂ) ဦးခင်မောင်သက်	ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
(ဃ) ဒေါက်တာဝင်းမြင့်	ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(င) ပါမောက္ခ ဒေါက်တာနိုင်ဝင်း	ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(စ) ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ဆ) ပါမောက္ခ ဒေါက်တာဒေါ်မာလာဝင်း	ပါမောက္ခချုပ် သူနာပြုတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေအား သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ရန်ကုန်မြို့တွင် လူဦးရေ ၆ ဒသမ ၆ သန်းကျော်ရှိသည့်အနက် ခရီးသွားလျက်ရှိသော ရန်ကုန်ခရီးသွားလူထု ၃ ဒသမ ၄ သန်းမှ ခရီးသည် နှစ်သန်း ခရီးသွားလာမှုအဆင်ပြေစေရန် ယာဉ်လိုင်းပေါင်း ၁၃၀ တွင် ကားအစင်း ၁၉၀၀ တို့ဖြင့် ခရီးသည်များ ဘေးမသီ ရန်မခ လိုရာခရီးကို သတ်မှတ်ယာဉ်စီးခနှုန်းထားဖြင့် စိတ်ချလက်ချသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄) အမှတ်(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မောင်သန်းယု၊ မြင်းမူမောင်နိုင်မိုး၊ နုယဉ်တို့၏ ကဗျာများ၊ မောင်မောင်ညှက်၊ ဟန်၊ မင်းဇော်ဦး၊ သန်းနိုင်တို့၏ ကာတွန်းလက်ရာများ၊ ဓမ္မာစရိယ ဦးခင်မောင်၊ ခင်မြန်မာ၊ မောင်ကောင်းမြင့်၊ အရှင်ပါမောက္ခ(ကြို့ပင်ကောက်)၊ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊ မျိုးမြင့်ဆွေ (မျက်မှန်)၊ လယ်တွင်းသားစောချစ်၊ မောင်မြတ်မွန်(ဆူးလေ)၊ ဒေါက်တာဒေါ်စိုးသူ၊ ကေတုလှနိုင်၊ ပြည်စိုး၊ ကောင်းသန့်၊ မနုသကျော်ဝင်း၊ မောင်မောင်(ယထ)၊ မကြွယ်ကြွယ်၊ မင်းမြင့်ဆွေ၊ မောင်ချိုမင်း(ကန္တာရဝတီ)၊ ဆူးသစ်နီ၊ ကျောင်းဆရာကိုကိုဝင်း၊ မျိုးမြင့်(လှည်းကူး)၊ ကိုနိုင်း(ချင်းတောင်)တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများ အပြင် ကျော်ငွေး(ဘီအေစီ)၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခင်မောင်တိုး (မိုးမိတ်)၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ ရနိုင်ပြီး စာမူနှင့်ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွား နှစ်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိ

နေပြည်တော် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားခဲ့သဖြင့် နှစ်ဦးသေဆုံးကာ ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ သုံးခွ-ခရမ်းကားလမ်း မိုင်တိုင်အမှတ် (၄၅/၁) နှင့် (၄၅/၂)အကြား၌ ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီခွဲခန့်တွင် ယာဉ်မောင်း ဖိုးတုတ် မောင်းနှင်သော ခရီးသည်တင် ဂျစ်ကား တစ်စီးသည် တိုင်းရှော့ပြုတ်ပြီး တိမ်းမှောက်သွားခဲ့သဖြင့် ခရီးသည် သုံးခွမြို့နယ် အောင်ပန်းစိန်ကျေးရွာနေ မကေသီဝင်း (၁၉)နှစ် သေဆုံးသွားခဲ့ကြောင်း၊ အလားတူ ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီခွဲခန့်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်တံတားအနီး၌ ယာဉ်မောင်း ရဲဝင်းဦး မောင်းနှင်သော လိုက်ထရပ်ယာဉ်သည် ယင်းကားရှေ့ရှိ မထသ (၅၉)ယာဉ်လိုင်း ခရီးသည်တင်ကင်တာယာဉ်အား နောက်မှဝင်တိုက်မိခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသားတစ်ဦးသေဆုံးပြီး ခရီးသည် အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများမှာ ဖူးရောင်ပေါက်ပြဲ ဒဏ်ရာသာဖြစ်ပြီး ဒဏ်ရာပြင်းထန်မှု မရှိကြောင်း သိရှိရသည်။

ထို့အတူ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တောင်ကလေး ကျေးရွာအနီး ကျိုက်ထို - ကျိုက်ထီးရိုးကားလမ်း၌ ယာဉ်မောင်းတေဇာအောင် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် ယာနောက်ဘီးငွေကွဲပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်သွားခဲ့သဖြင့် ခရီးသည် အမျိုးသားငါးဦး၊ အမျိုးသမီးခုနစ်ဦး ဖူးရောင် ပေါက်ပြဲဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဒဏ်ရာရရှိသူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ကျိုက်ထို ဆေးရုံတို့သို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ယာဉ်မောင်းများအား အမှုဖွင့်အရေးယူထားကြောင်း၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ယာဉ်မဆင်မခြင်မောင်းနှင်မှု၊ ယာဉ်ကြံ့ခိုင်ရေး စနစ်တကျ မစစ်ဆေးဘဲ ပေါ့လျော့စွာ မောင်းနှင်မှုတို့ကြောင့် နေ့စဉ် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပေါ်နေကြောင်း၊ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ အသိပညာပေးပွဲများကို မြို့နယ်ခန်းမများ၊ စာသင်ကျောင်းများ၊ စက်ရုံများ၌ ကျင်းပလျက်ရှိရာ ယခုထက်ပို၍ ဆောင်ရွက်သွားခြင်းဖြင့် ပြည်သူများအတွင်း အသိပညာများ ပိုမိုရရှိပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ယာဉ်တိုက်ခိုက် တိမ်းမှောက်မှုများကြောင့် ဆုံးရှုံးနစ်နာမှုများမှာ နိုင်ငံအတွက်လည်း များစွာထိခိုက်ဆုံးရှုံးနစ်နာရသဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူများအား ထိရောက်စွာ အရေးယူအပြစ်ပေးခြင်းဖြင့် နောင်ကြဉ်စေမည်ဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။ (သတင်းစဉ်)

SSA အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ငယ်ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားနှစ်ဦး သေဆုံး

နေပြည်တော် ဒီဇင်ဘာ ၃၀

SSA အကြမ်းဖက်သောင်းကျန်းသူများ၏ ဥပဒေမဲ့ ထင်ရာစိုင်းအနိုင်ကျင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ ဒေသခံတိုင်းရင်းသားများ သေကျေဒဏ်ရာရမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းတုံမြို့နယ်၌ SSA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ ဒေသခံတိုင်းရင်းသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ မိုင်းတုံမြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု ဘဝသစ်ကျေးရွာမှ လုကာ၊ ယောဟန်၊ ဒါဝိ၊ ဇလိနှင့် ကျတီတို့ ငါးဦးသည် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် တောလည်ထွက်စဉ် နားကောင်းမူကျေးရွာအရှေ့ဘက် နှစ်မိုင်ခန့်အကွာ တောတွင်း၌ SSA အကြမ်းဖက်သောင်းကျန်းသူ ၁၅ ဦးခန့်နှင့် တွေ့ဆုံခဲ့ကြောင်း၊ သောင်းကျန်းသူများက ရွာသားများနှင့် အတူပါရှိလာသော တူမီးသေနတ်ငါးလက်ကို အဓမ္မသိမ်းဆည်းခဲ့ကြောင်း၊ ထို့နောက် ရွာသားများအား ထွက်ပြေးခိုင်းကာ နောက်ကျောဘက်မှ M. 16 မောင်းပြန်ရိုင်ဖယ်ဖြင့် အတွဲလိုက်ပစ်ခတ်ခဲ့သဖြင့် လုကာနှင့် ယောဟန်တို့ နှစ်ဦးသေဆုံးခဲ့ပြီး ကျန်သုံးဦးလွတ်မြောက်လာခဲ့ကြောင်း၊ SSA အကြမ်းဖက်သောင်းကျန်းသူများနောက်သို့ မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၁၉၇၀ - ၁၉၇၇ ခုနှစ် ဆေးတက္ကသိုလ်(၁) ကျောင်းသား၊ ကျောင်းသူများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(၁) ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်

ရန်ကုန်　ဒီဇင်ဘာ　၃၀

၁၉၇၀-၁၉၇၇ ခုနှစ် ဆေးတက္ကသိုလ်(၁) ကျောင်းသား၊ ကျောင်းသူများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁)ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနီလာတင်က အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား၊ ကျောင်းသူများက ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ပါမောက္ခဒေါ်ခင်ကြည်ကြည်က ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဩဝါဒစကား ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဖေသက်ခင်ထံ ရန်ကုန်ဆေးတက္ကသိုလ်(၁)အတွက် အလှူငွေများကို ကျောင်းသား၊ ကျောင်းသူဟောင်းများက ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပါမောက္ခ/ဌာနမှူး ဒေါက်တာအေးအေးမြင့်က ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး ဆရာကြီး၊ ဆရာမကြီးများအား အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံကာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို ဆေးတက္ကသိုလ်(၁) မြက်ခင်းပြင်၌ ဆက်လက်ကျင်းပသည်။　(သတင်းစဉ်)



ကဝမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင် ပလက်ဖောင်းကပ်တိုး ပြုလုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အိမ်ရာ၊ နေထိုင်မှုနှင့် ပရိဘောဂပြပွဲကြီးတွင် FATHER LAND CO., LTD. ပါဝင်ပြသမည်

ရန်ကုန်　ဒီဇင်ဘာ　၃၀

အိမ်ရာ၊ နေထိုင်မှုနှင့် ပရိဘောဂပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ Father Land Construction & Decoration Co., Ltd. က ပါဝင်ပြသမည်ဖြစ်သည်။

Father Land Construction & Decoration Co., Ltd. ပြခန်းတွင် ကွန်ဒိုမီနီယမ်နှင့် ရိုးရိုးတိုက်ခန်းများ ရောင်းချခြင်းနှင့် အိမ်အလှဆင် (Decoration) လုပ်ငန်းနှင့် Wall Paper, Plaster Cornic တို့ကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ပြပွဲကာလများအတွင်း ဝယ်ယူသူများအား ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ Discount ပေးမည်ဖြစ်သည်။ ထို့ပြင် Decoration လုပ်ငန်းများတွင် ငွေကျပ်သိန်း ၁၀၀ ဖိုးနှင့်အထက် လုပ်ငန်းအပ်နှံသူများနှင့် တိုက်ခန်းတစ်ခန်း ဝယ်ယူသူများအား ငွေကျပ် ငါးသိန်းတန် တယ်လီဖုန်း (Hand Set အပါအဝင်) မေတ္တာလက်ဆောင် ပေးမည်ဖြစ်သည်။

Father Land Construction & Decoration Co., Ltd. သည် အထပ်မြင့်၊ အထပ်နိမ့် အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် PAE စနစ်ဖြင့် လုံးချင်းနှင့် အထပ်မြင့် အဆောက်အအုံတို့ကို ဆောက်လုပ်ခြင်း၊ Decoration ပြုလုပ်ခြင်း၊ Renovation ပြုလုပ်ခြင်းနှင့် Wall Paper၊ ပါကေးနှင့် အိမ်အလှဆင်ပစ္စည်းမျိုးစုံတို့ကို ရောင်းချပေးလျက်ရှိသည်။ Father Land Construction & Decoration Co., Ltd. နှင့် ဆက်သွယ်လိုပါက အမှတ်(၂၁၉/၂၂၁) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃၁၀၇၁၊ ၂၀၄၀၅၅နှင့် ၂၀၄၀၆၉ တို့သို့ ဆက်သွယ်နိုင်သည်။　(သတင်းစဉ်)

Graphic Design သင်တန်းဖွင့်မည်

Gusto Graphic Design

ရန်ကုန်　ဒီဇင်ဘာ　၃၀

Graphic Design များသည် အရေးပါနေသောကြောင့် အရည်အချင်းပြည့်ဝသော Graphic Designer များကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းမှ Graphic Design Course ကို ဖွင့်လှစ်ခြင်းဖြစ်သည်။

၎င်းသင်တန်းတွင် Graphic Designer တစ်ယောက်အနေဖြင့် သိသင့်သိထိုက်သော Technical Skills များ သာမက Design တစ်ခု၏ အခြေခံ စဉ်းစားပုံစဉ်းစားနည်း (Conceptual Skills) များကိုပါ သင်ကြားပေးမည်ဖြစ်သည်။ လက်တွေ့လုပ်ငန်းခွင်တွင် မိမိကိုယ်တိုင် Design များ ပြုလုပ်နိုင်ရန်အတွက် Design Theory များ၊ Color Theory များကို အနှစ်သာရရှိရှိ လေ့လာရမည်ဖြစ်သည်။ ထို့အပြင် အဆင့်မြင့် Design Software များကို ကိုယ်တိုင်အစအဆုံး ပြုလုပ်နိုင်စေရန်အတွက် Design Theory များ၊ Color Principle များကို အနှစ်သာရပြည့်ဝစွာ နားလည်စေရန် စာတွေ့လက်တွေ့များဖြင့် စနစ်တကျ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် တက်ရောက်သင်ကြားရမည် ဖြစ်သည်။ သင်တန်းသားဦးရေ ၁၅ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ဒီဇင်ဘာ ၃၁ ရက် မတိုင်မီ သင်တန်းအပ်နှံသူများအား သင်တန်းကြေး ၁၀ ရာခိုင်နှုန်းလျှော့ချ၍ လက်ခံပေးသွားမည် ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Gusto ကွန်ပျူတာ နည်းပညာသင်တန်းကျောင်း အမှတ်(၂၆) (၁၄)လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၄၄၉၆နှင့် ၀၉-၈၆၂၈၈၀၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။　(သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို ကတ္တရာလမ်းဖွင့်ပွဲများ ကျင်းပ

နေပြည်တော်　ဒီဇင်ဘာ　၃၀

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားများကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တို့၌ ကျင်းပသည်။

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လျှပ်စစ်ရုံးရှေ့လမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပသည်။ အဆိုပါ ကတ္တရာလမ်း အရှည်ပေ ၁၉၀၀၊ အကျယ် ၁၂ ပေကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၆၀ ဒသမ ၇၇ သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ကတ္တရာလမ်းကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ခရိုင်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

အလားတူ အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မဲကုန်းရပ်ကွက် မိုးကောင်းကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က ပြုလုပ်သည်။

အဆိုပါ ကတ္တရာလမ်း အရှည်ပေ ၁၅၈၀ ကို စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၉၅ သိန်းဖြင့် အကုန်ကျခံ ဆောင်ရွက်ပေးခဲ့ရာ စစ်တောင်းမြစ်ကမ်းဘေးရှိ အုန်းပင်ကျေးရွာသို့ အချိန်မရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြရည်ပုလဲလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

အဆိုပါလမ်းကို ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၅၄၂၆၀၀၀၀ ဖြင့် အရှည်ပေ ၅၅၀၀၊ အကျယ် ၁၈ ပေ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း)ကျောက်မဲခရိုင် နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်ဟိုက်ရပ်ကွက် စိန်ပန်းလမ်းမြေမှ ကတ္တရာခင်းခြင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပသည်။

အဆိုပါ စိန်ပန်းလမ်းမှာ အရှည် ၄၁၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး အဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၈၇၀၀၀ ဖြင့် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန်　ဒီဇင်ဘာ　၃၀

ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆) အမှတ် (၅၁)တွင် ဘင်္ဂလားဒေ့ရှ်တာကာငွေတန်ဖိုးကျ၍ နယ်စပ်ပို့ ကုန်သမားများ အခက်ကြုံ၊ ရတနာပုံဝက်ပေါ်တယ်တွင် အွန်လိုင်းဖြင့် ဖုန်းဘေလ်ပေးဆောင်နိုင်တော့မည်၊ နှစ်သစ်ကူးကာလတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာ၊ မြန်မာ-အိန္ဒိယနယ်စပ်တွင် ကုန်သွယ်ရေးစခန်းသစ် ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဟုဆို၊ နိုင်ငံတကာတွင် မြန်မာ့ဆန်ဈေးကောင်းရသော်လည်း ဒေါ်လာဈေး ဆက်ကျပါက ရှုံးမည်ကို ကုန်သည်တို့စိုးရိမ်နေ၊ ပုဂ္ဂလိကဘဏ်တချို့ စာရင်းရှင်အပ်ငွေများနှင့် ပတ်သက်၍ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို အိမ်အရောက်ဝန်ဆောင်မှုပေးနေ၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မျှော်လင့်ချက် ၂၀၁၁" စသည့်ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အမေရိကန်တပ်မတော်သမိုင်းတွင် မိန်းမလျာများ ပထမဆုံးအကြိမ် စစ်မှုထမ်းခွင့်ရလာနိုင်တော့မည်၊ ရုရှားသမ္မတ၏ အိန္ဒိယခရီးစဉ်အတွင်း နျူကလီးယားဓာတ်ပေါင်းဖိုဆောက်လုပ်ရေးနှင့် ရုရှားလုပ် ဂျက်လေယာဉ်များ ရောင်းချရေးတို့တွင် အိန္ဒိယကိုဆွဲဆောင်သွားရန်ရည်ရွယ်၊ ဝီကီလိခ်ကဲ့သို့သော အန္တရာယ်မှကာကွယ်ရန် ဥပဒေသစ်တစ်ခု မလေးရှားတွင် ပြဋ္ဌာန်း၊ အမေရိကန် အဓိကမြို့ကြီး ၃၁ မြို့၏ သောက်သုံးရေတွင် ကင်ဆာဖြစ်နိုင်သော ဓာတုပစ္စည်းပါရှိနေဟုဆို၊ ဝင်ရိုးစွန်းဒေသ ပိုလာဝက်ဝံများ အနာဂတ်ဘဝလုံခြုံရေး မျှော်လင့်ချက်ရောင်ခြည်ရှိနေသေးဟုဆို၊ ပြည့်တန်ဆာ သုံးဦးကို သတ်ခဲ့သူ စိတ်ဝေဒနာရှင် ဖမ်းဆီးခံရ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။　(သတင်းစဉ်)

နေပြည်တော်၊ ရေးမြို့နယ်နှင့် ပဲခူးမြို့တို့၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ကျွမ်းမှုများဖြစ်ပွား မီးပေါ့ဆသူများအား အမှုဖွင့် အရေးယူထား

နေပြည်တော်　ဒီဇင်ဘာ　၃၀

မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးလောင်မှုဖြစ်စဉ်များတွင် ပေါ့ဆမီးကြောင့် ဖြစ်ပွားမှုက ပိုများကြောင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သတိပေးချက်များ မပြတ်ထုတ်လွှင့်အသိပေးလျက်ရှိသော်လည်း မီးလောင်မှုများ သိသိသာသာလျော့နည်းမှုမရှိသဖြင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ နိုင်ငံအတွက်လည်း များစွာထိခိုက်ဆုံးရှုံးနစ်နာရကြောင်း ယခုရက်ပိုင်း တွေ့ဆုံမေးမြန်းစဉ် ပြောကြားခဲ့သည်။

ယင်းသို့ သတိပေးပြောကြားနေသော်လည်း ဒီဇင်ဘာ ၂၉ ရက်တွင် နေပြည်တော်၊ ရေးမြို့နယ်နှင့် ပဲခူးမြို့တို့၌ ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ ဒေါ်ခင်တုတ်၏နေအိမ်၌ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် ဓာတ်ဆီထည့်ထားသော လေးဂါလန်ဝင် ပလတ်စတစ်ပုံးမှ ဓာတ်ဆီများ ရေသန့်ဘူးအတွင်း ပြောင်းထည့်စဉ် မီးလောင်မှုဖြစ်ပွားပြီး နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ အလားတူ ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲ တောင်ပေါ်ကျေးရွာ ရပ်ကွက်(၉)နေ ဦးမောင်၏ နေအိမ်၌ ညနေ ၃ နာရီ ၃၅ မိနစ်ခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ထို့အတူ ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ပဲခူးမြို့ ဟင်္သာကုန်းရပ်ကွက် မွန်စံပြ(၆)လမ်းရှိ ဦးမောင်ဘု၏နေအိမ် အနောက်ဘက်ရှိ နွားတင်းကုပ် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားကာ ခြေရင်းဘက်ရှိ နှစ်ထပ်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးပေါ့ဆသူများအား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများ၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက မြန်မာ့အလင်းသတင်းအဖွဲ့နှင့် တွေ့ဆုံစဉ် "ပေါ့ဆမှုကြောင့် မီးလောင်မှုတွေ များနေတာကို လျော့ကျဖို့အတွက် ပြည်သူတွေကို ပညာပေးမှုတွေနဲ့ သတိပေးမှုတွေ အခုထက်နှစ်ဆပိုမိုဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်အောင် အင်အားတိုးချဲ့သွားမှာဖြစ်ပါတယ်။ နောက်ပြီး မီးသတိပေးမှုတွေကို အွန်လိုင်းစနစ်နှင့် ဆောင်ရွက်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ မီးလောင်တဲ့နေရာ အနီးဆုံး လမ်းကြောင်းတွေကို အွန်လိုင်းကတစ်ဆင့် ကွန်ပျူတာ ကွန်ရက်တွေ ချိတ်ဆက်ကာ မြို့နယ်မီးသတ်စခန်းတွေကို တစ်ပြိုင်နက်တည်း သတင်းနဲ့ မြေပုံတွေအပြင် မီးလောင်နေတဲ့ မြင်ကွင်းကိုပါ ကွန်ပျူတာပေါ်မှာ ကြည့်လို့ရအောင်နဲ့ အနီးဝန်းကျင်မှာ ရေရရှိနိုင်မယ့် နေရာတွေပါ တစ်ပြိုင်နက်တည်း ဖော်ပြပေးမှာ ဖြစ်ပါတယ်။ မီးသတ်ယာဉ်တစ်စီးပေါ်မှာ လက်တော့ပ်တစ်လုံးစီ တပ်ဆင်ပြီး မီးသတ်ယာဉ်တွေ ဘယ်နေရာရောက်နေလဲ၊ အခြေအနေ ဘယ်လိုရှိလဲဆိုတာ သိရှိထိန်းချုပ်နိုင်အောင်လည်း စီစဉ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အထပ်မြင့် အဆောက်အအုံတွေပေါ်မှာ အဆင့်မြင့်ကင်မရာတွေ တပ်ဆင်ပြီး သံသယဖြစ်ဖွယ် မီးရောင်နဲ့ မီးခိုးတွေကို မှတ်တမ်းတင်သတိပေးစနစ်ကိုလည်း အိုင်စီတီ နည်းပညာသုံးပြီး ဆောင်ရွက်ဖို့လည်း စီစဉ်ဆောင်ရွက်ကြိုးစားသွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ရာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က ကြိုးစားဆောင်ရွက်နေသကဲ့သို့ ပြည်သူတစ်ဦးချင်းကလည်း အသိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း သတိပေးနှိုးဆော်လိုက်ရပေသည်။

(သတင်းစဉ်)

KNU အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသောမိုင်းနင်းမိ၍ ဒေသခံပြည်သူတစ်ဦးဒဏ်ရာရ

နေပြည်တော်　ဒီဇင်ဘာ　၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ကြီးပေါက်ရွာနေ ကိုမောင်ဝင်းနှင့်အဖော်ငါးဦးတို့သည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခန့်တွင် သစ်ခွပန်းခူးရန် ရွာမှထွက်လာစဉ် ကရင်ပြည်နယ် သံတောင်မြို့နယ် ချောင်းမငယ် ချောင်းစပ်၌ ကိုမောင်ဝင်းသည် KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့်မိုင်းတစ်လုံးနင်းမိပြီး ဘယ်/ညာ ခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သဖြင့် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

မြို့တွင်းလမ်း အဆင့်မြှင့်တင်

အိမ်မဲ　ဒီဇင်ဘာ　၃၀

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နှစ်အလိုက် မြို့တွင်းလမ်းများ အဆင့်မြှင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က အနော်ရထာလမ်း တစ်လျှောက် လမ်းပေါက်ဖာထေး ပြုပြင်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။　(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

☆ ''နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု''

သတင်းဓာတ်ပုံ (စာမျက်နှာ) ၅၊ ၆၊ ၇

☆ သီဟအောင် ၏ ''လွတ်လပ်ရေးနှင့် တပ်မတော်''

ဆောင်းပါး (စာမျက်နှာ) ၈၊ ၉

☆ ခွန်ရဲသွေး (အေးသာယာ) ၏ ''လွတ်လပ်ရေးအားမာန်''

ကဗျာ (စာမျက်နှာ) ၁

☆ ရဲထက် ၏ ''ရွှေပြည်သစ်ဆီ အလှမ်းမဝေးတော့ပါ''

ကာတွန်း (စာမျက်နှာ) ၉



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ည အပူချိန်များ

၃၀-၁၂-၂၀၁၀

ပင်လောင်း

(-၂) ဒီဂရီစင်တီဂရိတ်

နမ့်စန်၊ ဟဲဟိုးနှင့် လွိုင်လင်

၁ ဒီဂရီစင်တီဂရိတ်စီ